ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်၊ သောကြာနေ့၊ (15-7-2011) (၆၃၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✰ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✰ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ✰ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ✰ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✰ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✰ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✰ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✰ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✰ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✰ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✰ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✰ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှာစကားပြောကြား

အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၂/၂၀၁၁) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှ နည်းပညာနှင့်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည် စက်မှုထုန်အရည်အသွေး မြင့်မားလာစေရေး ကြပ်မတ်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၄

နိုင်ငံတော်သမ္မတ၏ လုပ်ငန်းလမ်းညွှန်ချက်ကို အခြေခံပြီး စက်မှုနိုင်ငံ ထူထောင်နိုင်ရေးအတွက် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် တစ်ဖက်မှ ဆောင်ရွက်ရင်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှသာ နည်းပညာနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲမှုလျော့နည်းစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းနှင့် တိုင်းပြည်ဝင်ငွေလည်း **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

မွေးကင်းစ မေးခိုင်ရောဂါပပျောက်ရေးနှင့် ဝက်သက်ရောဂါပပျောက်ရေး ဆင်းရဲချမ်းသာမရွေး ကျန်းမာရေးစောင့်ရှောက်မှု ထိရောက်စေရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

ယခုဆွေးနွေးပွဲသည် မြန်မာနိုင်ငံ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုသမိုင်းတွင် မှတ်တမ်းတစ်ခုဖြစ်ပါကြောင်း၊ ယင်းသည် အရှေ့တောင်အာရှဒေသတွင် ပထမဦးဆုံးခြေလှမ်း ဖြစ်ပါကြောင်း၊ လက်ရှိကျန်းမာရေးအခြေအနေများ၊ ယင်းနှင့် ဆက်နွှယ်လျက်ရှိသည့်အချက်များနှင့် ကျန်းမာရေးအခြေအနေတိုးတက်လာစေရေးအတွက် အခွင့်အလမ်းများကို ဖော်ပြထားပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ယခုအခါ မွေးကင်းစမေးခိုင်ရောဂါပပျောက်ရေးနှင့် ဝက်သက်ရောဂါ ပပျောက်ရေးလုပ်ငန်းများ၊ ကူးစက်ရောဂါနှင့် မကူးစက်တတ်သောရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူအားလုံး ဆင်းရဲချမ်းသာမရွေး ကျေးလက်/မြို့ပြမကျန် ကျန်းမာရေး စောင့်ရှောက်မှုထိရောက်စေရေး ဆောင်ရွက်လျက်ရှိရာ ယခုအစီရင်ခံစာအရ လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များကို တွေ့ရမည်ဖြစ်ကြောင်း၊ အစီရင်ခံစာတွင် ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျန်းမာရေးဆိုင်ရာ ကုန်ကျစရိတ်အတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများကိုလည်း ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် လူမှုရေး၊ ဒေသအခြေအနေ၊ ဘာသာရေး၊ စီးပွားရေးတို့တွင် အားသာချက်၊ အားနည်းချက်များ ကိုယ်စီရှိနေကြောင်း၊ သို့ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်းသည် တစ်ဦးနှင့်တစ်ဦး နားလည်ပူးပေါင်းဆောင်ရွက်နိုင်သည့် နည်းလမ်းဖြစ်ပါကြောင်း၊ အစီရင်ခံစာအနေဖြင့် ကျန်းမာရေးစနစ်တစ်ခုလုံးကို ရှုထောင့်အမျိုးမျိုးမှ ဖော်ပြထားပါကြောင်း၊ သို့ဖြစ်ရာ ဒေသအတွင်း **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် Launching Ceremony of Lancet Series on Health in Southeast-Asia ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၄-၇-၂၀၁၁

ဟုမ္မလင်း
၄ ဒသမ ဝ၈ လက်မ
ခန္တီး
၃ ဒသမ ၈၆ လက်မ
ပူတာအို
၃ ဒသမ ၇၀ လက်မ
မြိတ်
၃ ဒသမ ၄၃ လက်မ

ယနေ့ ကြေးမုံ သတင်းအညွှန်း

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကာကွယ်ရေး၊ ပြန်ကြားရေး၊ ဆက်/စာ/ကြေး အသင်းတို့ အနိုင်ရ (သတင်း) စာမျက်နှာ - ၃

လွှတ်တော်၌ တင်ပြသည်များကို ပြည်သူ့အသံဟု မှတ်ယူပြီး စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိ (သတင်း) စာမျက်နှာ - ၇

ပြည်သူလူထု လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက် (သတင်း) စာမျက်နှာ - ၈

၂၀၁၁ ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဂျပန်နှင့် အမေရိကန်တို့ နိုင်ပွဲရပြီး ဗိုလ်လုပွဲတက် (သတင်း) စာမျက်နှာ - ၁၀

အိန္ဒိယနိုင်ငံ မွမ်ဘိုင်း၌ ဗုံးပေါက်ကွဲ၍ ၂၁ ဦး သေဆုံးပြီး ၁၁၃ ဦး ဒဏ်ရာရ (သတင်း) စာမျက်နှာ - ၆

ကြေးမုံ The Mirror
၁၅-၇-၂၀၁၁
(သောကြာနေ့)

ပြည်သူ့သဘောထား	
	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
	✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အလှူဒါန စောင့်သီလ ပွားများဘာဝနာ

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ ဖြစ်သည်။

သုံးလောကထွတ်ထား မြတ်ဗုဒ္ဓဘုရားရှင်သည် သဗ္ဗညုတ ရွှေဉာဏ်တော်ရှင်ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ရက်သတ္တရှစ်ပတ်အကြာတွင် မိဂဒါဝုန်တောသို့ ကြွချီတော်မူခဲ့သည်။ ထိုနေ့သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ ဖြစ်သည်။

ဣသိပတန မိဂဒါဝုန်တောတစ်ခွင်တွင် အေးချမ်းသာယာညနေဆည်းဆာ အချိန်အခါသမယ။ အရှေ့အရပ်၌ လပြည့်ဝန်းသည် ထွက်ပြူစ။ အနောက်အရပ်၌ နေခြည်ဝန်းက ဝင်ခါစ။ ရွှေရည်ငွေရည်တို့ သွန်းအပ်သော အချိန်ကာလ။ ဘုရားရှင်သည် ထိုအချိန်အခါသမယတွင် ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးဒေသနာကို စတင်ဟောကြားတော်မူခဲ့ပေသည်။

မြတ်ဗုဒ္ဓက ဓမ္မစကြာတရားဦးဒေသနာ ဟောကြားတော်မူရာတွင် ကာမသုခလ္လိကာနုယောဂခေါ် ကာမဂုဏ်အာရုံတို့၌ တွယ်တာကပ်ငြိလျက်ကျင့်သော တစ်ဖက်စွန်းကျင့်စဉ်နှင့် အတ္တကိလမထာနုယောဂခေါ် မိမိကိုယ်မိမိ ပင်ပန်းစွာ နှိပ်စက်အားထုတ်လျက်ကျင့်သော တစ်ဖက်စွန်းကျင့်စဉ်တို့သည် သံသရာမှ မလွတ်မြောက်နိုင်ကြောင်း ပြဆိုတော်မူသည်။

မြတ်ဗုဒ္ဓက မဇ္ဈိမပဋိပဒါခေါ် အလယ်အလတ်ကျင့်စဉ်သည်သာလျှင် ဉာဏ်မျက်စိကိုပွင့်စေသော၊ ထိုးထွင်းဉာဏ်ထူးကို ရစေသော၊ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင်သော ကျင့်စဉ်ဖြစ်ကြောင်း ဟောကြားတော်မူသည်။ သစ္စာလေးပါးမြတ်တရားကို ခွဲခြားပြသပြီး အမှန်တကယ် ကျင့်ကြံအားထုတ်ရမည့် မဂ္ဂသစ္စာခေါ် ကျင့်စဉ်အမှန် မဂ္ဂင်ရှစ်ပါးတရားကို ဖွင့်ထုတ်ဟောကြားတော်မူသည်။

မဂ္ဂင်ရှစ်ပါးတရားတွင် ကောင်းမြတ်သောအမြင်၊ ကောင်းမြတ်သောအကြံ၊ ကောင်းမြတ်သော ပြောဆိုမှု၊ ကောင်းမြတ်သောအလုပ်၊ ကောင်းမြတ်သော အသက်မွေးမှု၊ ကောင်းမြတ်သော အားထုတ်မှု၊ ကောင်းမြတ်သော အမှတ်ရမှုနှင့် ကောင်းမြတ်သော တည်ငြိမ်မှုတို့ကို ညွှန်ပြထားသည်။ ဓမ္မစကြာတရားတော်၏ မွန်မြတ်သော ကျင့်စဉ်များ ဖြစ်ပေသည်။

ဝါဆိုလသည် ပုန်းညက်သရဖီ ပွင့်ချင်းညီသည့်လရာသီဖြစ်သည်။ ကုသိုလ်မိုးများ ဖြိုးဖြိုးရွှာစွေ၊ စိမ်းလန်းစိုပြည် ကောင်းမှုပန်းများ တဝေဝေဖြင့် ဓမ္မစကြာအခါတော်နေ့သမယတွင် မြတ်ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတော်တို့ကို ရည်မှန်းပူဇော်ကြပြီး မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားများနှင့်အညီ ကျင့်ကြံအားထုတ်ရင်း **အလှူဒါန စောင့်သီလ ပွားများဘာဝနာ** ဟူသည့် ကောင်းမြတ်သော အလုပ်သုံးပါးဖြင့် ကုသိုလ်ကောင်းမှု နေ့စဉ်ပြုသွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရဲတပ်ဖွဲ့ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲကို ဇူလိုင် ၉ ရက်က ပြည်မြို့ နဝင်းရပ်ကွက် ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက်အတွင်း၌ ကျင်းပရာ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုကို ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရဲတပ်ဖွဲ့မှ ရဲမှူးကြီးကျော်ဆွေနှင့် တာဝန်ရှိသူတို့ လိုက်လံကြည့်ရှုအားပေးစဉ်။

(၄၉၇)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၄-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၀၅၀၂	၀. ၀၃၃၂၈
တရုတ် (ယွမ်)	၆. ၄၆၂၅၃	၀. ၁၅၄၇၄
အိန္ဒိယ (ရူပီး)	၄၄. ၅၀၀၀	၀. ၀၂၂၄၇
မလေးရှား (ရင်းဂစ်)	၂. ၉၉၉၀၀	၀. ၃၃၃၄၄
စင်ကာပူ (ဒေါ်လာ)	၁. ၂၁၆၄	၀. ၈၂၂၀၈
ဂျပန် (ယန်း)	၇၈. ၉၉၃၃	၀. ၀၁၂၆၆
တောင်ကိုရီးယား(ဝမ်)	၁၀၅၈. ၃၁	၀. ၀၀၀၉၄
ယူရို	၀. ၇၀၂၉၀	၁. ၄၂၂၆၈
ဗြိတိသျှ (ပေါင်)	၀. ၆၁၉၄၁	၁. ၆၁၄၄၃

အင်တာနက်။

ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပကတိအခြေအနေပေါ်မူတည်၍ လက်တွေ့ဆောင်ရွက်နိုင်မည့်လုပ်ငန်းများ ရေးဆွဲ

နေပြည်တော် ဇူလိုင် ၁၄

ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အခမ်းအနားသို့ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အဖွဲ့ဝင်များဖြစ်ကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီး/ပြည်နယ် မန်နေဂျာများ၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားရာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် ကျေးလက် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးပါသကဲ့သို့ လုပ်ငန်းအများအပြား ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ကျေးလက် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်(၃)ရပ်ဖြစ်သော ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (OVOP) လုပ်ငန်းများ ဆောင်ရွက်ရေး၊ ကျေးလက်အခြေခံ စက်မှုလုပ်ငန်းများထွန်းကားရေး၊ တစ်နည်းအားဖြင့် ကျေးလက်အခြေခံ SMEs များ ပေါ်ထွန်းရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံ အသေးစားကုန်ထုတ်လုပ်ငန်းများ (Agro based Industries) များ ပိုမိုထွန်းကားရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ပိုမိုထုတ်လုပ်နိုင်ရေး စသည့်လုပ်ငန်းစဉ်(၃)ရပ်ကို အခြေပြု၍ ဆက်နွှယ်နေသော လုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အထောက်အကူပြုကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများနှင့် ညှိနှိုင်း၍ ပကတိရှိနေသော အခြေအနေများပေါ်တွင် မူတည်၍ လက်တွေ့ဆောင်ရွက်နိုင်မည့်အသေးစိတ်လုပ်ငန်းစီမံချက်များ ရေးဆွဲရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် လုပ်ငန်းကော်မတီများက မြို့နယ်တစ်မြို့နယ်ချင်း ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်ပြီး ကျေးလက်ပြည်သူများကိုယ်တိုင် ယုံယုံကြည်ကြည် လက်ခံကြိုးစားဆောင်ရွက်မည့်သူများဖြင့် ဖွဲ့စည်းရန်လိုအပ်ကြောင်း၊ ထို့အတူ ပုဂ္ဂလိကကုမ္ပဏီများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မတီဝင်များက ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်လုပ်ငန်းများနှင့် နည်းလမ်းများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

နေပြည်တော် လယ်ဝေးမြို့နယ်၌ သဘာဝဘေးအန္တရာယ်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့များ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ရှင်းလင်း

နေပြည်တော် ဇူလိုင် ၁၄

နေပြည်တော်မီးသတ်ဦးစီးဌာနမှူးရုံး ညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်သည် ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော် လယ်ဝေးမြို့နယ် မီးသတ်ဦးစီးဌာနခန်းမ၌ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ပေါ်(၆)ရပ်ကွက်နှင့် အေလာ၊ သာဝတ္ထိ၊ သစ်ပုပ်ပင်နယ်မြေတို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ညွှန်ကြားရေးမှူးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က သဘာဝဘေးအန္တရာယ်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့များ ဆောင်ရွက်ထားရှိရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နေပြည်တော် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ မီးသတ်တပ်ဖွဲ့ဝင် ၁၁၅ ဦး တက်ရောက်ကြသည်။

(သတင်းစဉ်)

ကလေးမြို့နယ်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၄

ကလေးမြို့နယ်အသင်း (ရန်ကုန်)မှ ဦးစီး၍ စုပေါင်းလှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက် (ဝါဆိုလပြည့်နေ့) နံနက် ၈ နာရီခွဲတွင် ဗဟန်းမြို့နယ် ဘဂ်လားတိုက် ကလေးမြို့ကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ကလေးမြို့ကျောင်း ဖုန်း-၀၉-၇၃၀၁၂၇၇၃၊ ဆရာမကြီးဒေါ်သိန်းသိန်းစိုး ဖုန်း-၀၁-၇၀၄၁၁၆၊ ဦးချန်စိန်ဝင်း ဖုန်း-၀၉-၅၀၁၃၂၂၈၊ ကိုခင်မောင်ရင် (ခ) ကိုပြူးလေး ဖုန်း-၀၁-၅၁၃၅၄၁၊ ဒေါ်မိုးမိုး ဖုန်း-၀၉ ၈၀၂၀၀၉၁၄ နှင့် ကိုကျော်မျိုးလှိုင် ဖုန်း-၀၉-၅၀၁၇၉၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(ကြေးမုံ)

ဖျာပုံခရိုင် အမာမြို့ ဘဝသစ်ကျေးရွာနေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် အုတ်စီရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို တာဝန်ခံဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (၃၈၃)

သယံဇာတထိန်းသိမ်းရေး မော်လမြိုင်ကျွန်း၌ အသိပညာပေး

မော်လမြိုင် ဇူလိုင် ၁၄

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ငါးနှင့်ရေသယံဇာတထိန်းသိမ်းရေး အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ ကျင်းပရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်အေးက မေ၊ ဇွန်နှင့် ဇူလိုင်လများသည် ငါးရစ်ငါးသန်ကာလဖြစ်၍ ငါးရစ်ငါးသန်များ ဖမ်းဆီးခြင်းမပြုရေး၊ ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးခြင်း၊ အဆိပ်ဆေးချ ငါးဖမ်းဆီးခြင်း၊ တားမြစ်ထားသည့်ငါးဖမ်းပိုက်ဖြင့် ငါးဖမ်းဆီးခြင်း၊ ဇာကြားပိုက်နှင့် ဖော့ဇာပိုက်တို့ဖြင့် ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် အသိပညာပေးဆွေးနွေးကြကြောင်း သိရသည်။

(၃၆၄)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပဥ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်ကြည့်ရှုအားပေး

ကြည့်ရှုအားပေး

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၁ ခုနှစ် ပဥ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၄

၂၀၁၁ ခုနှစ် ပဥ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပရာ အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ ကျင်းပသည့်ပွဲစဉ်သို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ပွဲစဉ်များတွင် အမှတ်(၁)နေပြည်တော်အားကစားကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိ သွားကြပြီး နေပြည်တော်လယ်ဝေးအားကစားကွင်း၌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်းတို့ ဂိုးမရှိသရေဖြစ်သွားကြသည်။

ဇူလိုင် ၁၅ ရက်တွင် ပွဲစဉ်များ ရပ်နားမည်ဖြစ်ပြီး ဇူလိုင် ၁၆ ရက် ပွဲစဉ်များအဖြစ် အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအသင်း၊အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေးအားကစားကွင်း၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

○ ရွှေဖုံးမှ

တိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုသို့ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကနှင့် အများပိုင်အခန်းကဏ္ဍတို့ကို မြှင့်တင်ခြင်းနှင့် စက်မှုဇုန်၏အခန်းကဏ္ဍ ပိုမိုတိုးတက်လာစေရေး၊ အရည်အသွေးမြင့်မားလာစေရေးတို့အတွက် စည်းကမ်းတကျ ကြပ်မတ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာကဏ္ဍများတွင် သုံးဦးသုံးဖလှယ် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၂/၂၀၁၁) အစည်းအဝေးတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းနောက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းများကို ပီပီပြင်ပြင် ခွဲခြားဆောင်ရွက်သွားနိုင်ရန် ဖွဲ့စည်းသွားမည့် စက်မှုလုပ်ငန်း တိုးတက်ရေးအထောက်အကူပြု ဆပ်ကော်မတီ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်ထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ လယ်ယာသုံးပစ္စည်းထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ စားသောက်ကုန်၊ အထည်အလိပ်နှင့် လူသုံးကုန်ပစ္စည်း ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ နေထိုင်ရေးနှင့် ဆောက်လုပ်ရေးပစ္စည်း ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ လျှပ်စစ်/အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ သံနှင့် သံမဏိလုပ်ငန်း ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ ရော်ဘာနှင့် ရော်ဘာပစ္စည်း ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေး ဆပ်ကော်မတီ၊စွန့်ပစ်ပစ္စည်း/သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မြှင့်တင်ရေးဆပ်ကော်မတီ၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီတို့နှင့် ပတ်သက်၍ တိုးတက်မှုရရှိအောင် ဆောင်ရွက်သွားရန် ပြည်ထောင်စုဝန်ကြီးက ထပ်မံရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးများနှင့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများ အသင်းမှ တာဝန်ရှိသူတို့က စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်ပြောကြားရာတွင် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်မည့် ရင်းနှီးငွေရရှိရေး စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများအား နိုင်ငံတကာနှင့် ယှဉ်ပြိုင်ရေးအတွက် ISO Standard ရရှိထားရန် လိုအပ်ကြောင်း၊ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဝိုင်းဝန်းကြိုးပမ်း၍ မြန်မြန်ဆန်ဆန်ဆောင်ရွက်သင့်ကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

(သတင်းစဉ်)

❖ မွေးကင်းစမှ

ကျန်းမာရေးဆိုင်ရာလုပ်ငန်း ပိုမိုပူးပေါင်းဆောင်ရွက်ရန်ရှိနေသည်ကို အထင်အရှား တွေ့မြင်နေရပါကြောင်း၊ အထူးသဖြင့် နယ်စပ်ဖြတ်ကျော် ကျန်းမာရေးပြဿနာများ၊ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ ကျန်းမာရေးအရင်းအမြစ်များ မျှဝေသုံးစွဲခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယင်းအချက်သည် Lancet Series on Health in Southeast-Asia ဆွေးနွေးပွဲတွင် အဓိက ဖော်ပြထားသည့် အချက်ဖြစ်ပါကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့နံနက် ၈ နာရီက နေပြည်တော် သင်္ဂဟဟိုတယ် Function Hall ခန်းမ၌ ကျင်းပသော Launching Ceremony of Lancet Series on Health in Southeast-Asia ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုံးခင်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ၊ Chulalonkon University and CMB Foundation Southeast Asia Programs, Faculty of Tropical Medicine မှ Dr. Piya Hanvoravongchai, ထိုင်းနိုင်ငံ Hat Yai Prince of Sangkla University မှ Professor Virasakd Chongsuvivatwong နှင့် London School of Hygiene and Tropical Medicine, CDPRG မှ Professor Richard Coker နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲကို ကျန်းမာရေးဝန်ကြီးဌာနနှင့် China Medical Board အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

(သတင်းစဉ်)

ပြည်တွင်းဈေးကွက်သတင်း

နိုင်လင်းကြည်

ပြည်တွင်းပဲမျိုးစုံဈေးကွက်များတွင် ယခင်အပတ်က မတ်ပဲနှင့် ပဲစင်းငုံ(နီ) ဈေးနှုန်းများ တက်လာခဲ့သော်လည်း ယခုအပတ်တွင် အတက်အကျများနှင့် ဈေးနှုန်းများ ပြောင်းလဲလျက်ရှိသည်။ ပြည်တွင်းစားသုံးဆီ ဈေးကွက်တွင်မူ စားသုံးဆီသီးနှံဖြစ်သည့် နှမ်းရိတ်သိမ်းချိန်ဖြစ်လာသည်နှင့်အမျှ ရက်သတ္တနှစ်ပတ်ဆက်တိုက် ဈေးနှုန်းကျဆင်းလာခဲ့ကြောင်း သိရသည်။

မတ်ပဲ။ ။ *မုံရွာမတ်ပဲဈေးကွက်မှာ မတ်ပဲတစ်တန်ဈေးနှုန်း ငွေကျပ် ၅၀၅၂၀၀ သို့ လည်းကောင်း၊ ပြည်မတ်ပဲ ဈေးကွက်မှာ မတ်ပဲတစ်တန်ဈေးနှုန်း ငွေကျပ် ၅၃၅၈၀၀ သို့လည်းကောင်း တက်လာခဲ့သော်လည်း မန္တလေးမတ်ပဲ ဈေးကွက်မှာ ယခုအပတ်တွင် မတ်ပဲတစ်တန်ဈေးနှုန်း ငွေကျပ် ၄၇၉၅၀၀ သို့ လည်းကောင်း ဈေးနှုန်းများကျဆင်းခဲ့ကြောင်း သိရသည်။*

ပဲတီစိမ်း။ ။ *မန္တလေးပဲတီစိမ်း ဈေးကွက်မှာ ယခုဇူလိုင် ဒုတိယပတ်တွင် ပဲတီစိမ်းတစ်တန်ဈေးနှုန်း ငွေကျပ် ၆၆၃၈၀၀ သို့ တက်လာခဲ့သော်လည်း မုံရွာပဲတီစိမ်း ဈေးကွက်မှာမူ ဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့သည်။*

ပဲစင်းငုံ(နီ)။ ။ *ဇူလိုင် ပထမပတ်က ပဲစင်းငုံ(နီ) ဈေးကွက် အသီးသီး၌ ဈေးနှုန်းများ တက်လာခဲ့သော်လည်း ယခု ဇူလိုင်ဒုတိယပတ်တွင်မူ ဈေးနှုန်းများကျဆင်းလျက်ရှိရာ မုံရွာပဲစင်းငုံ(နီ) ဈေးကွက်မှာ ပဲစင်းငုံ(နီ) တစ်တန်ဈေးနှုန်း ငွေကျပ် ၃၉၄၉၀၀ သို့လည်းကောင်း၊ မန္တလေး ပဲစင်းငုံ(နီ) ဈေးကွက်မှာ ပဲစင်းငုံ(နီ) တစ်တန် ငွေကျပ် ၃၉၈၀၀၀ သို့ လည်းကောင်း ဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း သိရသည်။*

ပဲဆီ။ ။ *ရန်ကုန်နှင့် စစ်တွေပဲဆီဈေးကွက်များမှာ ဇူလိုင် ပထမပတ်က ပဲဆီတစ်ပိဿာ ငွေကျပ် ၄၀၀၀ ရှိခဲ့ရာမှ ယခု ဇူလိုင် ဒုတိယပတ်တွင် ပဲဆီတစ်ပိဿာ ဈေးနှုန်း ငွေကျပ် ၃၈၀၀ သို့လည်းကောင်း၊ မန္တလေး ပဲဆီဈေးကွက်တွင် ယခင် ပဲဆီတစ်ပိဿာ ငွေကျပ် ၃၅၀၀ မှ ယခု ဇူလိုင်ဒုတိယပတ်တွင် ငွေကျပ် ၃၃၀၀ သို့လည်းကောင်း ဈေးနှုန်းများကျဆင်းလျက်ရှိကြောင်း သိရသည်။*

နှမ်းဆီ။ ။ *မကွေးနှင့် စစ်တွေနှမ်းဆီဈေးကွက်တို့၌ ဇူလိုင် ပထမပတ်တွင် နှမ်းဆီတစ်ပိဿာ ဈေးနှုန်း ငွေကျပ် ၃၈၀၀ မှ ယခုဇူလိုင် ဒုတိယပတ်တွင် ငွေကျပ် ၃၆၀၀ သို့လည်းကောင်း၊ မန္တလေး နှမ်းဆီဈေးကွက်တွင် ယခင်နှမ်းဆီတစ်ပိဿာ ငွေကျပ် ၂၅၅၀ မှ ယခု ငွေကျပ် ၂၃၀၀ သို့ လည်းကောင်း ကျဆင်းလာသည်။*

စားအုန်းဆီ။ ။ *မန္တလေးနှင့် တောင်ကြီးစားအုန်းဆီဈေးကွက်များမှာ စားအုန်းဆီဈေးနှုန်း အတက်အကျမရှိ တည်ငြိမ်လျက်ရှိသော်လည်း ရန်ကုန်၊ ပဲခူး၊ မကွေး၊ မုံရွာ၊ စစ်တွေ စသည့် စားအုန်းဆီဈေးကွက်များတွင် ဈေးကွက်လိုက်၍ ဈေးနှုန်း အပြောင်းအလဲများ ဖြစ်ပေါ်ကာ ဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း သိရသည်။*

ဒို့ကျေးရွာဂျာနယ် ထွက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

ဝါဆိုလ ကရကဋ်ရာသီ ပုန်းညက်ပန်းရန့်များနှင့်အတူ ကျေးလက်နေ ပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၈)၊ အမှတ်(၁၄)ကို ဇူလိုင် ၁၅ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်-၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆ နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၇-၂၀၁၁ (သောကြာနေ့)

[၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့ ၊ ဥပုသ်နေ့]

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇း၃၀ ၂။ နံနက်ခင်းသတင်း

၇း၄၅ ၃။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အစိုးရဓမ္မာစရိယပါဠိပါရဂူ ဘဒ္ဒန္တဂုဏောသန၏ "ဓမ္မစကြာအခါတော်နေ့ တရားတော်"

၈း၄၀ ၄။ International News

၈း၄၅ ၅။ Islands of Dhamma

၈း၅၀ ၆။ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ)နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း။ ဆဋ္ဌမအကြိမ်ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ

၄း၄၅ ၃။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)

၅း၀၅ ၄။ "ဝါဆိုမိုးဆမ်းကန်တော့ပန်း" (တိပိဋကနိကာယဥပဌာက အနုပညာအဖွဲ့)

၅း၂၀ ၅။ ဝါဆိုလဘွဲ့တေးများ

၅း၃၀ ၆။ "ဝါဆိုပွဲတော်"

၅း၃၅ ၇။ ဓမ္မပူဇာတေးအစီအစဉ်

၅း၄၅ ၈။ "စစ်ကိုင်းဂုဏ်တင်ဆွမ်းဦးပုညရှင်"

၆း၀၀ ၉။ ညနေခင်းသတင်း

၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ

၆း၂၀ ၁၁။ ရသစုံလင်အင်တာနက်ဥယျာဉ်

၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြံ့ကြံ့ဖန်ဖန်အမွေဆိုင်" (အပိုင်း-၁၀)**

၈း၀၀ ၁၃။ ပြည်တွင်းသတင်း

၁၄။ နိုင်ငံတကာသတင်းများ

၁၅။ မိုးလေဝသအခြေအနေ

၁၆။ လျှပ်တစ်ပြက်ဟာသများ

၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ကြိုး"(အပိုင်း-၁၄)**

၁၈။ သီချင်းချစ်သူ

၁၉။ သီတဂူဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ ဓမ္မစကြာတရားတော်

၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

ညပိုင်း

၄း၁၀ ၁။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၄း၂၀ ၂။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန၊

အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် စတာဖန်ဒီမစ်ကျူရာက အစီရင်ခံစာကို ပြသနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၁၁ ခုနှစ် ပထမခြောက်လအတွင်း အာဖဂန်အရပ်သားများ သေဆုံးမှုမြင့်တက်

ကဘူး ဇူလိုင် ၁၄

၂၀၁၁ခုနှစ်၏ ပထမခြောက်လပတ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ အရပ်သားများသေဆုံးမှုသည် စံချိန်တင် များပြားလာကြောင်း ကြာသပတေးနေ့ထုတ်ပြန်သော ကုလသမဂ္ဂအစီရင်ခံစာ၌ ဖော်ပြထားသည်။

အစီရင်ခံစာအရ ဇန်နဝါရီလမှ ဇွန်လအတွင်း အာဖဂန်အရပ်သားများသေဆုံးသည့် အရေအတွက်သည် ၁၄၆၂ ဦးရှိ၍ ယမန်နှစ် အလားတူကာလအတွင်း သေဆုံးသောအရေအတွက်နှင့်နှိုင်းယှဉ်လျှင် ၁၅ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်ကြောင်းသိရသည်။ အရပ်သားများ အများဆုံးသေဆုံးရခြင်းမှာ သောင်းကျန်းသူများ၏ တိုက်ခိုက်မှုနှင့် အာဖဂန်တပ်ဖွဲ့များနှင့် နိုင်ငံစုံတပ်ဖွဲ့များ၏ စစ်ဆင်ရေးများကြောင့် ဖြစ်သည်ဟုဆိုသည်။

သေဆုံးမှုအရေအတွက်၏ ၈၀ ရာခိုင်နှုန်းသည် သောင်းကျန်းသူများ၏ တိုက်ခိုက်ခြင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။ လမ်းဘေးထောင်ဗုံးများ၊ အသေခံ ဗုံးခွဲခြင်းများနှင့် လက်လုပ်ဗုံးများ(အိုင်အီးဒီ)တို့နှင့် တိုက်ခိုက်မှုများကြောင့် အရပ်သားအများစုသေဆုံးကြရသည်။

အမေရိကန်ပြည်ထောင်စုနှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏ ပူးတွဲစစ်ဆင်ရေးအောက်ရှိ နိုင်ငံစုံတပ်ဖွဲ့များနှင့် အာဖဂန်တပ်ဖွဲ့များ တိုက်ခိုက်ခြင်းကြောင့် အရပ်သားသေဆုံးရမှုသည် ၁၄ ရာခိုင်နှုန်းရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြသည်။ နေတိုးတပ်ဖွဲ့များ၏ လေကြောင်းမှတိုက်ခိုက်ခြင်းများကြောင့် အရပ်သားအများစု သေဆုံးခဲ့ရပြီး နိုင်ငံခြားတပ်ဖွဲ့များ၏ ညစစ်ဆင်ရေးများကြောင့် အရပ်သားသေဆုံးမှုမှာ ၂ ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံစာ၌ ဖော်ပြသည်။

ယခုနှစ် ပထမခြောက်လအတွင်း အသေခံတိုက်ခိုက်မှုများသည် ယမန်နှစ်အလားတူအချိန်ကာလအတွင်း တိုက်ခိုက်မှုများနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲမှုမရှိဘဲ သေဆုံးသူအရေအတွက်မှာမူ ၅၂ ရာခိုင်နှုန်းအထိ တစ်ဟုန်ထိုး မြင့်မားလာကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။ **အင်တာနက်။**

အပူဒဏ်သင့်သေဆုံးမှု ဂျပန်တွင်မြင့်တက်

တိုကျို ဇူလိုင် ၁၄

ဂျပန်အစိုးရ၏ လျှပ်စစ်ဓာတ်အား လျှော့ချသုံးစွဲရေး မေတ္တာရပ်ခံချက်ကို ဂျပန်ပြည်သူအများအပြားက ၎င်းတို့၏ လေအေးပေးစက်များကို ပိတ်ထားကြခြင်းဖြင့် တုံ့ပြန်ခဲ့သည်။ ယခုနှစ် နွေဦးနှင့် နွေရာသီကာလအတွင်း ဂျပန်နိုင်ငံ၌ အပူဒဏ်ကြောင့်သေဆုံးမှုနှုန်းမှာ လေးဆခန့်တိုးမြင့်လာခဲ့သည်ဟုဆိုသည်။

ဇွန် ၁ ရက်မှ ဇူလိုင် ၁၀ ရက် ကာလအတွင်း အပူဒဏ်သင့်ကာ သေဆုံးခဲ့သူ ဂျပန်နိုင်ငံသား ၂၆ ဦးရှိ၍ ၁၃၀၀၀ ကျော်မှာ ဆေးရုံများသို့ တက်ရောက်ဆေးကုသခံယူခဲ့ကြရသည်ဟု သိရသည်။ ဂျပန်နိုင်ငံ၏ နျူကလီးယား ဓာတ်ပေါင်းဖို ၅၄ လုံးအနက် ၃၅ လုံးကို ယခုနှစ် မတ်လအတွင်း လှုပ်ခတ်ခဲ့သော ငလျင်နှင့် ဆူနာမီဖြစ်ပွားမှု အလွန်တွင် ပိတ်ထားခဲ့ရာ တစ်နိုင်ငံလုံးအတိုင်းအတာအရ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု ၁၁ ရာခိုင်နှုန်းခန့် လျော့ကျခဲ့သည်။ **အင်တာနက်။**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ဗုံးများဆင့်ကဲဆင့်ကဲပေါက်ကွဲ ၂၁ ဦးသေဆုံး၍ ၁၁၃ ဦး ဒဏ်ရာရရှိကြောင်း အတည်ပြု

မွမ်ဘိုင်း ဇူလိုင် ၁၄

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများကြောင့် ၂၁ ဦးသေဆုံးခဲ့ရပြီး ၁၁၃ ဦး ဒဏ်ရာရခဲ့ကြောင်း အိန္ဒိယပြည်ထဲရေးဝန်ကြီး ချီဒမ်ဘာရမ်က ဇူလိုင် ၁၄ရက်တွင် အတည်ပြုပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နေရာတစ်နေရာကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနိုင်ငံ၏ စီးပွားရေးအချက်အချာမြို့ဖြစ်သော မွမ်ဘိုင်းမြို့၌ ဇူလိုင် ၁၃ရက် ညနေပိုင်းက ဗုံးသုံးလုံးဆင့်ကဲပေါက်ကွဲခဲ့သည်။ ပထမဆုံးဗုံးပေါက်ကွဲမှုသည် မွမ်ဘိုင်းမြို့ ဟာဗာရီဈေးအတွင်း၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး နာမည်ကျော် ကျောက်မျက်ရတနာဈေးကွက်တစ်ခုမှာ ဖရိုဖရဲဖြစ်ခဲ့ရသည်။ ဒုတိယဗုံးပေါက်ကွဲမှုမှာ မွမ်ဘိုင်းမြို့တောင်ဘက် ကဇာတ်ရုံများတည်ရှိရာ စီးပွားရေးဇုန်တစ်ခု၌ ဖြစ်ပွားခဲ့ပြီး တတိယဗုံးပေါက်ကွဲမှုမှာ မွမ်ဘိုင်းမြို့လယ် ဒါဒါအမည်ရှိ ရပ်ကွက်၌ ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုများကို အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့သည်။

ဇူလိုင် ၁၃ရက်ကပေါက်ကွဲခဲ့သောဗုံးသုံးလုံးတွင် အမိုနီယမ်နိုက်ထရိတ်ကို အသုံးပြုထားပြီး အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခြင်းမဟုတ်ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

မည်သည့်အုပ်စုက အကြမ်းဖက်တိုက်ခိုက်ခဲ့သည်ကို အတိအကျမသိရကြောင်း၊ မည်သည့်အုပ်စုကမျှလည်း ၎င်းတို့လက်ချက်အဖြစ် ထုတ်ပြန်ကြေညာခြင်းမရှိကြောင်း ၎င်းကပြောကြားသည်။ **ဆင်ဟွာ။**

ဗီယက်နမ်သမိုင်းနှင့် ဆက်စပ်ကျော်ကြားသည့် လိပ်ဘွားဘွားကို ဆေးဝါးကုသ၍ ပြန်လွှတ်ပေး

ဟနွိုင်း ဇူလိုင် ၁၄

ဗီယက်နမ်နိုင်ငံ လွတ်လပ်ရေးလှုပ်ရှားမှု၏ အထိမ်းအမှတ်သင်္ကေတတစ်ရပ်ဖြစ်သော လိပ်အိုမကြီးတစ်ကောင်ကို ဆေးဝါးစောင့်ရှောက်မှုပေးရန် ဖမ်းဆီးခဲ့ပြီးနောက် သုံးလအကြာ၌ ပြန်လည်လွှတ်ပေးခဲ့ကြောင်း ဟနွိုင်းမြို့တော်တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၁၃ ရက်တွင် ပြောကြားသည်။

ဟနွိုင်းမြို့တော် ဟောင်ကျန်းရေကန်တွင်းမှ ကျွန်းတစ်ကျွန်းပေါ်ရှိ အထူးတည်ဆောက်ထားသော ရေကန်တစ်ကန်အတွင်း၌ အဆိုပါလိပ်အိုမကြီးအား ဆေးဝါးကုသမှုအောင်မြင်စွာ လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း ဟနွိုင်းမြို့တော် သိပ္ပံနှင့်နည်းပညာဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အခွံပျော့လိပ်မျိုးစိတ်ဝင်ဖြစ်ပြီး အလေးချိန် ၃၇၂ ပေါင်ရှိသည့် လိပ်မကြီးသည် ငါးမျှားချိတ်များနှင့် အခြားရေသတ္တဝါများကြောင့် ဒဏ်ရာအနာတရ ရရှိခဲ့ကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတာဝန်ရှိသူများ၏ အဆိုအရ ဟောင်ကျန်းရေကန်အတွင်း၌ နေထိုင်ကျက်စားသော အဆိုပါလိပ်မကြီးသည် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိပြီဖြစ်ပြီး ကမ္ဘာပေါ်၌ ကျန်ရှိဆဲ Rafetus Swinhoei လိပ်မျိုးစိတ်ဝင် လိပ်လေးကောင်အနက် တစ်ကောင်အပါအဝင်ဖြစ်သည်။

ကမ္ဘာပေါ်၌ ကျန်ရစ်ဆဲ Rafetus Swinhoei မျိုးစိတ်ဝင်လိပ်လေးကောင်အနက် နှစ်ကောင်မှာ တရုတ်နိုင်ငံ၌ ရှင်သန် ကျန်ရစ်ဆဲဖြစ်ပြီး ကျန်နှစ်ကောင်မှာ ဗီယက်နမ်နိုင်ငံတွင် ရှင်သန်ဆဲဖြစ်သည်။

ဟောင်ကျန်းရေကန်မှ လိပ်မကြီးသည် ၎င်း၏ရှားပါးမှုကြောင့်ထက် ဗီယက်နမ်သမိုင်းနှင့် တွဲစပ်နေသောကြောင့် ထင်ရှားသောသတ္တဝါဖြစ်သည်။ **အင်တာနက်။**

ရုရှားအာကာသယာဉ်မှူး ယူရီဂါဂါရင် ရုပ်တု ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်၌ ပြသ

လန်ဒန် ဇူလိုင် ၁၄

ကမ္ဘာ့ပထမဆုံး အာကာသယာဉ်မှူး ရုရှားနိုင်ငံသား ယူရီဂါဂါရင်၏ ရုပ်တုကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော် ဘရစ်တစ်ကောင်စီရုံးချုပ် အဆောက်အအုံအရှေ့ပိုင်းတွင် ဇူလိုင် ၁၄ ရက်က ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ပထမဆုံးယာဉ်မှူး ယူရီဂါဂါရင်၏ ရုပ်တုကို လန်ဒန်မြို့တော်၌ တစ်နှစ်ကြာမျှ ပြသထားရန် ဗြိတိန်နိုင်ငံက စီစဉ်ထားသည်။ ကမ္ဘာ့ပထမဆုံး လူလိုက်ပါသည့် အာကာသခရီးစဉ် နှစ် ၅၀ ပြည့် အထိမ်းအမှတ်နှင့် ကမ္ဘာ့ပထမဆုံး အာကာသယာဉ်မှူး ယူရီဂါဂါရင် ဗြိတိန်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည့် နှစ် ၅၀ မြောက် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပရန် ဘရစ်တစ်ကောင်စီနှင့် လန်ဒန်မြို့တော်ဝန်တို့က ဆုံးဖြတ်ခဲ့ကြသည်။

ယူရီဂါဂါရင်၏ အထိမ်းအမှတ်ရုပ်တုကို ရုရှား အာကာသအေဂျင်စီက ဗြိတိန်နိုင်ငံသို့ လက်ဆောင်အဖြစ် ပေးအပ်ခဲ့ခြင်းဖြစ်သည်။အလူမီနီယမ်နှင့် ဇင့်သတ္တုများ ရောနှောသွန်းလောင်းထားသော ယူရီဂါဂါရင်၏ ရုပ်တုကို နာမည်ကျော် ဗြိတိသျှလူမျိုး စွန့်စားရှာဖွေသူ ဂျိမ်းစ်ကွတ်၏ အထိမ်းအမှတ်ရုပ်တုအနီး၌ လက်ရှိတွင် နေရာချပြသထားသည်။

လန်ဒန်မြို့တော်၌ ပြသထားသည့် ယူရီဂါဂါရင်၏ ရုပ်တုကို ၎င်း၏ အာကာသခရီးစဉ် နှစ် ၅၀ ပြည့် အထိမ်းအမှတ်ပွဲအတွက် ရုရှားပန်းပုပညာရှင် အင်နာတိုလီ နိုဗီကော့ဗ်က ၁၉၈၄ ခုနှစ်တွင် ထုလုပ်ခဲ့သည့် ရုပ်တုပုံစံအတိုင်း တစ်သဝေ မတိမ်း ဖန်တီးထားသည်။

အင်နာတိုလီနိုဗီကော့ဗ်သည် ယူရီဂါဂါရင်၏ ရုပ်တုကို အာကာသယာဉ်မှူး ဝတ်စုံဝတ်ဆင်ထားပြီး ကမ္ဘာလုံးပေါ်၌ မတ်တတ်ရပ်နေသည့်ပုံဟန် ထုလုပ်ဖန်တီးခဲ့သည်။**အင်တာနက်။**

အလျား ၁၃ ပေကျော်ရှိ လူသားစားမိကျောင်းတစ်ကောင် ဖိလစ်ပိုင်၌ ဖမ်းဆီးနိုင်

မနီလာ ဇူလိုင် ၁၄

ခန္ဓာကိုယ်အလျား ၁၃ ဒသမ ၇ ပေ(၄ ဒသမ ၂ မီတာ) ရှိသော ရေငန်မိကျောင်းတစ်ကောင်ကို ဖိလစ်ပိုင်နိုင်ငံ၌ ဇူလိုင် ၁၁ ရက်က ဖမ်းဆီးမိခဲ့ပြီး ယင်းမိကျောင်းသည် လွန်ခဲ့သည့်လက တံငါသည်တစ်ဦးကို သတ်ဖြတ်စားသောက်ခဲ့သော မိကျောင်းဟုတ်၊ မဟုတ် စစ်ဆေးကြမည်ဖြစ်ကြောင်းသိရသည်။ အလေးချိန် ပေါင် ၇၇၀ နှင့်အထက်ရှိမည်ဟု ခန့်မှန်းရသည့် အဆိုပါမိကျောင်းသည် အထီးဖြစ်ပြီး ၎င်းအား ကြိုးတုပ်၊ မျက်လုံးဖုံးအုပ်၍ အမျိုးသား ၁၀ ဦးကျော်တို့ ဝိုင်းဝန်းသယ်ဆောင်ခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။**(ယာပုံ)**

တံငါသည်တစ်ဦးကို သတ်ဖြတ်စားသောက်ခဲ့သည့် မိကျောင်းကို ဖမ်းဆီးနိုင်ရန် ပါလာဝန်ပြည်နယ်အနောက်ပိုင်း ရီယိုတူဘာမြစ်အတွင်း ချထားသော ထောင်ချောက်တစ်ခုအတွင်း ယင်းမိကျောင်းကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကောင်စီအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းမိကျောင်းကို တံငါသည်၏ ရုပ်အကြွင်းအကျန်များအား တွေ့ရှိခဲ့ရသော နေရာနှင့်မနီးမဝေး၌ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။အဆိုပါမိကျောင်းသည် ကမ္ဘာပေါ်၌ ရှင်သန်ကျန်ရစ်ဆဲဖြစ်သည့် အရွယ်အစားအကြီးမားဆုံး တွားသွား သတ္တဝါမျိုးစိတ်ဖြစ်သည့် (Crocodylus Porosus) မျိုးစိတ်ဝင် မိကျောင်းဖြစ်ပြီး ဒီရေတောဒေသများ၌ လှည့်လည်ကျက်စားတတ်သည်။

ဖိလစ်ပိုင်နိုင်ငံ ပါလာဝန်ပြည်နယ်၌ လွန်ခဲ့သော ၁၀ နှစ်တာကာလအတွင်း ရေငန်မိကျောင်းများ၏ ရန်မူတိုက်ခိုက်မှုကြောင့် အနည်းဆုံးလူသုံးဦး သေဆုံးခဲ့ရသည်။ **အင်တာနက်။**

သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာ အခြေခံသင်တန်းဆင်း

နေပြည်တော် ဇူလိုင် ၁၄

သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာအခြေခံသင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အောင်လက်မှတ်ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်း၌ ထူးချွန်ဆုများရရှိကြသည့် သင်တန်းသားများအား ဆုများကိုလည်းကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံသို့လည်းကောင်း ပေးအပ်သည်။ **(ဝဲပုံ)**

အဆိုပါသင်တန်း အမှတ်စဉ်(၃)သို့ သင်တန်းသား၊ သင်တန်းသူ ၃၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇူလိုင် ၁၄

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သမဝါယမ ဝန်ကြီးဌာန သမဝါယမဦးစီးဌာန မန္တလေးသမဝါယမကောလိပ် ကျောင်းအုပ်ကြီး ဦးလှမျိုးအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေးအား ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ရှမ်းပြည်နယ်၌ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းသည် ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် လားရှိုးမြို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းကျောင်း ဝန်ထမ်းများနှင့် တွေ့ဆုံ၍ သင်တန်းသူများ၏ လက်ရာများ တိုးတက်ကောင်းမွန်ရေး၊ ကျေးလက်အဆင့်မှ မြို့နယ်အဆင့် ကုန်ထုတ်သမအသင်းများအသွင် ဖွဲ့စည်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့် လားရှိုးမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသားအိပ်ဆောင်များ၊ စားရိပ်သာနှင့် ကျောင်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ သင်တန်းသားများအတွက် ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ၊ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **(အပေါ်ယာပုံ)**

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငွေး၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးတူးမောင်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ လိုက်ပါလျက် မွန်းလွဲ ၁ နာရီခွဲတွင် တန့်ယန်းမြို့ ဝေဠုဝန် ဘုန်းတော်ကြီးကျောင်းဝင်း အတွင်းရှိ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းသို့သွားရောက်၍ တိုင်းရင်းသားကလေးငယ်များအတွက် ကျောင်းဝတ်စုံများနှင့် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးခဲ့သည်။

အလားတူ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမောင်မောင်ငွေးက သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းသော ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များထောက်ပံ့ပေးခဲ့ကြသည်။

ယင်းနောက် တန့်ယန်းမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းကျောင်းအတွက် ကျောင်းဝတ်စုံနှင့်ဗလာစာအုပ်များ၊ ထောက်ပံ့ငွေများနှင့် ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့သည်။ (သတင်းစဉ်)



နှလုံး၊ သွေးတိုးရောဂါအကြောင်း သိကောင်းစရာများ ကျန်းမာရေးစကားဝိုင်းစာအုပ် ထုတ်ဝေဖြန့်ချိ

တိုင်းရင်းဆေးပညာရှင် နှစ်ဦးဖြစ်သည့် ဒေါက်တာဆရာမြင့် (စကြာမင်း)နှင့် ဆရာမ မေမြင့်သူဇာတို့ ဝိုင်းဖွဲ့ဆွေးနွေး တင်ပြထားသော“ကျန်းမာရေးစကားဝိုင်း” စာအုပ်ကို မြင့်မြတ်မြန်မာစာပေမှ ထုတ်ဝေ၍ ရန်အောင်စာပေက ဖြန့်ချိထားသည်။

ထိုစာအုပ်တွင် နှလုံးရောဂါ၊ သွေးတိုးရောဂါတို့နှင့်ပတ်သက်၍ ပညာပေးရေးသားတင်ပြထားသည့်အပြင် နှလုံးရောဂါအကြောင်း သိကောင်းစရာများ၊ သွေးတိုးရောဂါအကြောင်း သိကောင်းစရာများ၊ ကလေးသူငယ်နှင့် သွေးတိုးရောဂါ၊ သွေးတိုးရောဂါ ကုထုံးဆေးဝါးများ စသည်ဖြင့် နှလုံးရောဂါ၊ သွေးတိုးရောဂါတို့ကို ‘အာရုံနေရာဆေးအစာ’ ဟူသော တိုင်းရင်းဆေးပညာ ကုထုံးဥပဒေသနှင့်အညီ စိတ်၊ စေတသိက်တို့ဖြင့် ရောဂါကို ကာကွယ်ကုသခြင်း၊ နေရာဒေသရာသီဥတုတို့ဖြင့် ရောဂါကို ကာကွယ်ကုသခြင်း၊ အစာအာဟာရတို့ဖြင့် ရောဂါကို ကာကွယ်ကုသခြင်း၊ ဆေးဝါးဓာတ်စာတို့ဖြင့် ရောဂါကို ကာကွယ်ကုသခြင်းများကို ပြည့်စုံစွာ ဖော်ပြပေးထားခြင်းကြောင့် မိသားစုတိုင်း၊ ကျန်းမာလိုသူတိုင်း ဆောင်ထားသင့်သော ကျန်းမာရေးပညာပေးစာအုပ်ကောင်း ဖြစ်သည်။

ရက္ခစိုးမယားနှင့် အခြားပြိတ္တာများစာအုပ် ထွက်ရှိ

စာရေးဆရာ ချစ်ဦးညိုရေးသားသည့် ရက္ခစိုးမယားနှင့် အခြားပြိတ္တာများ စာအုပ် ပုဂံစာအုပ်တိုက်မှ တတိယအကြိမ် ထွက်ရှိလာသည်။ အဆိုပါစာအုပ်တွင် ဘုရားရှင်လက်ထက်တော်က ဖြစ်ပေါ်ခဲ့သော ပြိတ္တာများအကြောင်းကို သင်္ဂါယနာတင်ဆရာမြတ်တို့ စုပေါင်းမှတ်တမ်းတင်ထားသည့် ဝတ္ထုတော်များကို တင်ပြထားပြီး ပြိတ္တာဟူသည် အဘယ်ကြောင့် ပြိတ္တာဖြစ်ရ၊ ပြိတ္တာဘဝမှ မည်သို့ကျွတ်လွတ်နိုင်၊ အပါယ်လေးဘုံမည်သို့ ပို့ဆောင်နိုင်ပုံတို့ကို လူငယ်လူရွယ်များ သိရှိနိုင်စေရန် ဝတ္ထုတိုအစုအဖွဲ့အဖြစ် တင်ပြထားသည်။

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၄

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ ၂၊ အမှတ် ၂၉ ကို ဇူလိုင် ၁၄ ရက် (ကြာသပတေးနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်း TV Guide စာစောင်တွင် MRTV-4 (၇)နှစ်ပြည့် အမှတ်တရ လက်ဆောင်အဖြစ် English Premier League 2011-2012 ပွဲစဉ်အချိန်ဇယား မေတ္တာလက်ဆောင်နှင့်အတူ Star Movies ရုပ်သံလိုင်းတွင်ပြသမည့် အမျိုးအစားစုံလင်သည့် စိတ်ဝင်စားဖွယ်ရုပ်ရှင်ဇာတ်ကားကောင်းများ၊ ကလေးများအကြိုက် Cartoon Network ရုပ်သံလိုင်း၊ Channel V ရုပ်သံလိုင်းတွင် ကြည့်ရမည့် ဂီတအစီအစဉ်ကောင်းများ၊ Animal Planet ရုပ်သံလိုင်းတွင်ကြည့်ရမည့် တိရစ္ဆာန်များ၏သဘာဝ အလေ့အထများနှင့် ထူးဆန်းသည့် အကြောင်းအရာများ၊ Nat Geo Wild ရုပ်သံလိုင်းတွင်ပြသမည့် အစီအစဉ်များ၊ MRTV-4ရုပ်သံလိုင်းတွင် ကြည့်ရမည့် MRTV-4 (၇) နှစ်ပြည့် အမှတ်တရ ပျော်ပွဲရွှင်ပွဲ၊ MRTV-4 ၏ ဆက်စပ်ရုပ်သံလိုင်းများဖြစ်သည့် For Info, For Sports, For Edu, For Choice စသည့် Digital Channel များ၏ ပြသနေသည့် အစီအစဉ်များ၊ ရုပ်သံလိုင်းအားလုံး၏ ဇူလိုင် ၁ ရက်မှ ၁၅ ရက်အထိ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ဇူလိုင် ၁၆ ရက်မှ ၃၁ ရက်အထိ အစီအစဉ်များပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆ တို့သို့ မှာယူနိုင်သည်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဇူလိုင် ၁၄

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်) အမြင့်ဆုံး	အပူချိန်(စင်တီဂရိတ်) အနိမ့်ဆုံး	မနက်ဖြန်အတွက် ခန့်မှန်းချက်	မနက်ဖြန်အတွက် ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၄	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၂	ကယားပြည်နယ်	၂၈	၂၁	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၃	ကရင်ပြည်နယ်	၃၃	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၄	ချင်းပြည်နယ်	၂၃	၁၄	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၀	၂၁	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီး	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၆	၂၆	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၈	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီးနေရာကွက်၍မိုးကြီး	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၅	၂၆	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၇	၂၇	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၁	မွန်ပြည်နယ်	၃၁	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီး	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၀	၂၆	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၂	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၇	၁၈	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၁	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၀	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၁	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၅	၂၅	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၁	၂၆	မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်း	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၇	၂၇	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%

ယနေ့နံနက် ၉ နာရီခွဲ အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ဟုမ္မလင်းမြို့တွင် ၄ ဒသမ ၀၈ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ ပူတာအိုမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၄၃ လက်မ၊ ကော့သောင်းမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၁၅ လက်မနှင့် ကျောက်ဖြူမြို့တွင် ၂ ဒသမ ၉၉ လက်မ တို့ဖြစ်ကြသည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

ဝါဆိုလပြည့်နေ့၏ ထူးမြတ်သော ဝိသေသလက္ခဏာများ

သန်းဝင်းရှိန်

၁၃၇၃ ခုနှစ် ဝါဆိုလဆန်း ၁၅ ရက်နေ့သည် ဝါဆိုလပြည့်နေ့ဖြစ်သည်။ ဝါဆိုလပြည့်နေ့ကို ဓမ္မနေ့ဟု ခေါ်ဆိုနိုင်ပြီး သံဃာ့နေ့ဟူ၍လည်း ခေါ်ဆိုနိုင်ပါသည်။ လွန်လေပြီးသော နှစ်ပေါင်း ၂၆၀၀ နှစ်၏ ဝါဆိုလပြည့်နေ့ (မဟာသက္ကရာဇ် -၁၀၃ခုနှစ် ဝါဆိုလပြည့်နေ့)တွင် မြတ်ဗုဒ္ဓသည် ဓမ္မစကြာတရားတော်ကို စတင်လှည့်တော်မူပါသည်။ ဓမ္မစကြာတရားတော်ကို စတင်လှည့်သောနေ့မှာပင် သံဃာရတနာ စတင်ပေါ်ပေါက်ခဲ့ပါသည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့ကို ဗုဒ္ဓဘာသာဝင်နိုင်ငံများ၌ ဓမ္မနေ့နှင့် သံဃာ့နေ့များအဖြစ် တွဲဖက်ကျင်းပ ပူဇော်ကြပါသည်။ မြန်မာနိုင်ငံတွင် ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပလျက်ရှိကြသည်။

ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပရခြင်းမှာ ထိုနေ့၌ ဓမ္မစကြာတရားတော်ကို ဗုဒ္ဓမြတ်စွာက ဟောကြားတော်မူသည်ကို အကြောင်းပြု၍ စာရေးသူတို့ မြန်မာနိုင်ငံ၌ ကျင်းပရခြင်းဖြစ်သည်။ ဗုဒ္ဓမြတ်စွာ ဘုရားရှင်သည် ဓမ္မစကြာတရားတော်ကို အိန္ဒိယနိုင်ငံ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ ညနေချမ်းအချိန် အနောက်လောကဓာတ်၌ နေစက်ဝန်းက ဝင်လုလု ရွှေရည်များ သွန်းထားသလို၊ အရှေ့လောကဓာတ်၌ လပြည့်ဝန်းက ထွက်ပြူစ ငွေရည်များသွန်းထားသလို ရွှေရည်ငွေရည်တို့ သွန်းဘိသို့ ကျက်သရေရှိလှသော အခါသမယတွင် ပဥ္စဝဂ္ဂီငါးဦးတို့အား ဘုရားအဖြစ်ကို ဝန်ခံသောအားဖြင့် ဟောကြားတော်မူခဲ့သည်။

ဓမ္မစကြာတရားတော်သည် ဝိနည်းမဟာဝါ ပါဠိတော်၌ 'ပဥ္စဝဂ္ဂီယကထာ' အမည်ဖြင့်လာရှိပြီး ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ 'ဓမ္မစက္ကပဝတ္တနဝါရ' အမည်ဖြင့် လာရှိပါသည်။ မဟာဝဂ္ဂသံယုတ် ပါဠိတော်၌လည်း 'ဓမ္မစက္က ပဝတ္တန သုတ္တ' အမည်ဖြင့် လာရှိပါသည်။ ဓမ္မစက္ကပဝတ္တနသုတ်၏ အဓိပ္ပာယ်မှာ တရားဉာဏ်တော်တည်းဟူသော အသိစက်ကို လည်စေတော်မူခြင်းဟု အဓိပ္ပာယ်ရပါသည်။ (ဓမ္မ=တရားဉာဏ်တော်+စက္က=စက်ဝန်း+ပဝတ္တန=လည်စေခြင်း) ဖြစ်၏။

ဓမ္မစကြာတရားတော်သည် သစ္စာလေးပါးတရားကို ညွှန်းဆိုဟောကြားတော်မူသော တရားဒေသနာဖြစ်၍ ပိဋကတ်သုံးပုံ၏ အနှစ်ချုပ်တရားဟု ဆိုထိုက်ပါသည်။ ဓမ္မစကြာတရားတော်ကို စိစစ်သုံးသပ်ကြည့်ပါလျှင် လမ်းစဉ်မှာ နှစ်ခုဖြစ်သော အကျင့် (ကာမသုခလ္လိက နုယောဂေါ၊ အတ္တကိလမထာနုယောဂေါ)ကို ရှောင်ကြဉ်ရေးနှင့် မဇ္ဈိမပဋိပဒါ လမ်းစဉ်မှန်(သီလမဂ္ဂင် ၃ပါး+သမာဓိမဂ္ဂင် ၃ပါး+ပညာမဂ္ဂင် ၂ ပါး)ကို ကျင့်ဆောင်ရန် ညွှန်ကြားထားပြီး သစ္စာလေးပါး တရားတော်ကို သိမြင်စေရန် ဟောကြားထားသောကြောင့် ဗုဒ္ဓဝါဒ၏ တိကျခိုင်မာသော တရားသဘောတို့ကို တွေ့မြင်နိုင်ပါသည်။ ဝါဆိုလပြည့်နေ့တွင် ထူးမြတ်သော ဝိသေသလက္ခဏာများရှိသည်။

ဂေါတမဘုရားအလောင်း ပဋိသန္ဓေနေတော်မူသောနေ့ဖြစ်၍ ထူးခြားခြင်း

တုသိတာနတ်ပြည်၌ 'သေတကေတု'အမည်ရှိသော အလောင်းတော် နတ်မင်းအား နတ်ပြဟ္မာအပေါင်းတို့၏ ညီညာရုံးစု တောင်းပန်မှုကြောင့် မဟာသက္ကရာဇ် ၆၇ ခုနှစ် ဝါဆိုလပြည့် (ကြာသပတေးနေ့)တွင် မယ်တော်မာယာ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေ နေတော်မူပါသည်။

ဂေါတမဘုရားလောင်း တောထွက်တော်မူသောနေ့ဖြစ်၍ ထူးခြားခြင်း

သက်တော် (၂၉)နှစ်အရွယ် မဟာသက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် (တနင်္လာနေ့)တွင် နိမိတ်ကြီးလေးပါး မြင်တော်မူပြီး ဘုရားဖြစ်ရန်အလို့ငှာ တောထွက်တော်မူပါသည်။

ဂေါတမမြတ်စွာဘုရား ဓမ္မစကြာတရား စတင်ဟောကြားတော်မူသောနေ့ဖြစ်၍ ထူးခြားခြင်း

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် သမ္မာသမ္ဗောဓိဉာဏ်ရရှိတော်မူခဲ့၍ သမ္မာသမ္ဗုဒ္ဓဘုရားစင်စစ် ဧကန်ဖြစ်တော်မူခဲ့ပါသည်။ ဘုရားဖြစ်ပြီးသောအခါ ဗောဓိပင်ဝန်းကျင်တွင် ခုနစ်နေရာတို့၌ ရက်သတ္တ ခုနစ်ပတ်ကြာ ဖလသမာပတ်ချမ်းသာဖြင့် သီတင်းသုံးတော်မူခဲ့ပါသည်။ ဝါဆိုလဆန်း ၁၁ ရက်နေ့တွင် သဟမ္ပတိပြဟ္မာမင်း၏တောင်းပန်မှုကြောင့် တရားစတင်ဟောကြားရန် ဆုံးဖြတ်ခဲ့ရာ ရှေးဦးစွာ ဥရုဝေလမှ တရားကျင့်ဖက်၊ ဆရာလည်းဖြစ်ခဲ့သော အာဠာရ ရသေ့နှင့် ဥဒကရသေ့နှစ်ဦးကို စတင်ဟောကြားရန် ဆုံးဖြတ်ခဲ့ပါသည်။ သို့ရာတွင် ဆရာရသေ့နှစ်ဦးမှာ တစ်ဦးက ၇ရက်၊ တစ်ဦးက ၁ ရက် စော၍ ကွယ်လွန်ပြီး အရူပပြဟ္မာဘုံသို့ ရောက်နေကြ၍ သူတော်ကောင်းတရား နာကြားခွင့်မရတော့ပေ။ ထိုရသေ့နှစ်ဦးမှာ ဘဝအဆင့်မြင့်ကြသော်လည်း ဗုဒ္ဓကိုမြင်တတ်သော မျက်လုံးနှင့် ဓမ္မကို ကြားတတ်သောနား မရှိကြ၍ ဘဝရှုံးကြရပါသည်။

သို့ဖြစ်ရာ မြတ်ဗုဒ္ဓသည် ဝတ်ကြီးဝတ်ငယ် ပြုခဲ့ဖူးကြသော တပည့်ဟောင်းငါးဦးတို့အား တရားဦးဟောကြားဖို့ရာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလဆန်း ၁၂ ရက်နေ့တွင် ဥရုဝေလ ဗုဒ္ဓဂယာ မဟာဗောဓိမှ ဗာရာဏသီပြည် မိဂဒါဝုန်တောအုပ်သို့ စတင်ခရီးထွက်ခဲ့ပါသည်။ ဝါဆိုလပြည့်နေ့ စနေနေ့တွင် မိဂဒါဝုန်တောသို့ ရောက်ရှိခဲ့ပြီး ထိုနေ့ညနေချမ်းအချိန် နေဝင်လထွက်သည့်အခါသမယတွင် တပည့်ဟောင်းငါးဦးတို့အား မြတ်ဗုဒ္ဓက 'ဒွေမေဘိက္ခဝေ' အစချီ၍ တရားဦးဓမ္မစကြာကို စတင်မိန့်မြွက် ဟောကြားတော်မူခဲ့ပါသည်။

ဘုရားအဖြစ်ကို ဝန်ခံသောနေ့ဖြစ်၍ ထူးခြားခြင်း

ဓမ္မစကြာတရားဦး၌ မြတ်ဗုဒ္ဓမိန့်မြွက်ဟောကြားသော သစ္စာလေးပါးတွင် တစ်ပါးတစ်ပါးစီ၌ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ဆိုသော ဉာဏ်တော်သုံးပါးစီရှိပြီး သစ္စာလေးပါးပေါင်းစပ်လိုက်လျှင် ဉာဏ်တော် တစ်ဆယ့်နှစ်ပါး အပြားရှိပါသည်။ ဗုဒ္ဓမြတ်စွာသန္တာန်၌ ဉာဏ်တော် တစ်ဆယ့်နှစ်ပါး ဖြစ်ပေါ်မလာခင်က လူနတ်ပြဟ္မာ သတ္တဝါတို့ကို ဘုရားဖြစ်ပြီဟု ဝန်မခံသေးပေ။ ထိုဉာဏ်တော် တစ်ဆယ့်နှစ်ပါး ထင်ရှားဖြစ်ပေါ်လာသောအခါမှသာ လူနတ်ပြဟ္မာ သတ္တဝါတို့ကို ငါဘုရားဖြစ်ပြီဟု ဝန်ခံတော်မူပါသည်။ ထိုဓမ္မစကြာတရား ဟောကြားသောနေ့မှာပင် ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့ဖြစ်၍ ထူးခြားသော ဝိသေသလက္ခဏာတစ်ရပ် ဖြစ်ပါသည်။

တရားရတနာ စတင်ပေါ်ပေါက်သောနေ့ဖြစ်၍ ထူးခြားခြင်း

ဗုဒ္ဓမြတ်စွာ ဟောကြားသော ဓမ္မစကြာတရားတော်တွင် ဤသို့သော တရားက သိအပ်သောတရား (ဒုက္ခသစ္စာ)၊ ဤသည်ကား ပယ်အပ်သောတရား (သမုဒယသစ္စာ)၊ ဤသည်ကား မျက်မှောက်ပြုအပ်သောတရား (နိရောဓသစ္စာ)၊ ဤသည်ကား ကြိမ်ဖန်များစွာပွားများအပ်သောတရား(မဂ္ဂသစ္စာ) အစချီသော တရားရတနာ စတင် ပေါ်ပေါက်သောနေ့ဖြစ်၍ ထူးခြားသော ဝိသေသလက္ခဏာကို ဆောင်သောနေ့ဖြစ်ပါသည်။

သံဃာရတနာ စတင်ပေါ်ပေါက်သောနေ့ဖြစ်၍ ထူးခြားခြင်း

ဗုဒ္ဓမြတ်စွာဟောကြားတော်မူသော ဓမ္မစကြာတရားတော်အဆုံးတွင် အရှင်ကောဏ္ဍညသည် သစ္စာလေးပါး သိမြင်တော်မူပြီး ရှင်တော်မြတ်ဘုရား၏ နှုတ်တော်မှ 'ဧဟိဘိက္ခု' ဟု မိန့်တော်မူလိုက်ရာ အရှင်ကောဏ္ဍညသည် သပိတ်၊ သင်္ကန်းလွယ်ပြီးဖြစ်လျက် ရဟန်းဖြစ်ကာ မြတ်ဗုဒ္ဓသာသနာတော်ဝယ် ရှေးဦးဆုံး သံဃာရတနာ စတင်ပေါ်ပေါက်သော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

'ဧဟိဘိက္ခု' ဟူသော စကားကို စတင်ကြားရသောနေ့ဖြစ်၍ ထူးခြားခြင်း

အရှင်ကောဏ္ဍညသည် ရှေးရှေးဘဝက သပိတ်၊ သင်္ကန်း၊ ပရိက္ခရာ စသည်တို့ လှူဒါန်းဖူးသူဖြစ်သဖြင့် ဓမ္မစကြာတရားတော်အဆုံးတွင် ရှင်တော်မြတ်ဘုရား၏ နှုတ်တော်မှ 'ဧဟိဘိက္ခု' ဟူသော စကားတော်ကို မြတ်စွာဘုရား၏ သာသနာတော်၌ အဦးဆုံး စတင်ကြားရသော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့် ကြုံသောနေ့ဖြစ်၍ ထူးခြားခြင်း

ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူသော ဓမ္မစကြာတရားတော်ကို ပဥ္စဝဂ္ဂီငါးဦးနှင့်တကွ နတ်ပြဟ္မာအပေါင်းတို့ လွန်စွာနှစ်သက်ကြပေရာ ဓမ္မစကြာတရားတော်အဆုံးတွင် အရှင်ကောဏ္ဍညအပါအဝင် တစ်ဆယ့်ရှစ်ကုဋေအတိုင်းအရှည်ရှိသော နတ်ပြဟ္မာအပေါင်းတို့ သစ္စာလေးပါးသိမြင်၍ ပုထုဇဉ်ဘဝမှ အရိယာသူတော်စင်များအဖြစ်သို့ ကူးပြောင်းခွင့်ကြုံသောနေ့ဖြစ်၍ ထူးခြားသော ဝိသေသလက္ခဏာကိုဆောင်သော နေ့ထူးနေ့မြတ်လည်း ဖြစ်ပါသည်။

ရေမီးအစုံစုံတို့ဖြင့် တန်ခိုးပြာဋိဟာကို ပြသောနေ့ဖြစ်၍ ထူးခြားခြင်း

ဗုဒ္ဓဘုရားရှင်သည် ခုနစ်ဝါမြောက် ဝါတော်ကို တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူသည်။ မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားအား ကျေးဇူးဆပ် အဘိဓမ္မာတရားဟောကြားရင်း တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူခြင်းဖြစ်သည်။ မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့တွင် တာဝတိံသာနတ်ပြည်သို့ ကြွတော်မမူမီ ဗုဒ္ဓမြတ်စွာသည် ဆန့်ကျင်ဘက် တိတ္ထိခေါင်းဆောင် ပုရာဏကဿပနှင့် တန်ခိုးပြိုင်၏။ ဘုရားရှင်သည် ကဏ္ဍအမည်ရှိ ဥယျာဉ်မှူး လှူဒါန်းသော သရက်သီးကိုဘုဉ်းပေး၍ တန်ခိုးတော်ဖြင့် အပင်ပေါက်စေသည်။ ထိုသရက်ဖြူပင်ရင်း၌ ဘုရားရှင်သည် ရေမီးအစုံစုံတို့ဖြင့် တန်ခိုးပြာဋိဟာပြတော်မူပြီး တာဝတိံသာနတ်ပြည်သို့ မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားအား အဘိဓမ္မာတရားဟောကြားရန် ကြွတော်မူသောနေ့ဖြစ်သဖြင့် ထူးခြားသော ဝိသေသလက္ခဏာရှိသော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဝိသေသလက္ခဏာများကြောင့် (ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည်) ဤဝါဆိုလပြည့်နေ့၌ ကျောင်းကန်ဘုရား စေတီပုထိုးများဆီသို့ သွားရောက်ကြပြီး ဝါဆိုပန်းများကပ်လှူခြင်း၊ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြကာ **'ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့'** ကို ဆင်နွှဲကျင်းပပြုလုပ်ကြခြင်းပင် ဖြစ်ပါသတည်း။ ။

ဇူလိုင် ၁၄ ရက်က ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်၌ ကျင်းပသော ပြင်သစ်နိုင်ငံအမျိုးသားနေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Thierry MATHOU ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဟသ်ာတအသင်း စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၄

ဟသ်ာတအသင်း၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဟသ်ာတအသင်းတိုက်အမှတ်(၁၈၄-၁၈၆) (၄၅)လမ်း အထက်ဘလောက် ဗိုလ်တထောင်မြို့နယ် ဖုန်း-၂၀၁၁၁၄၊ ၃၉၈၇၁၆ ၌ ကျင်းပမည်ဖြစ်ရာ ဟသ်ာတမြို့နယ် အသင်းသူ၊ အသင်းသားများနှင့် ဟသ်ာတအသင်း မိတ်ဆွေများ တက်ရောက်ပါဝင် လှူဒါန်းနိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

ဝါဆိုလပြည့် တောင်းဆုပြည့်စေ

✻ ဝါဆိုလပြည့် တောင်းဆုပြည့်စေ
ပုရိမဝါ၊ ချိန်သင့်ခါဝယ်
ရာသီကရက်င့်၊ ပုန်းညက်မြတ်နှင့်
ဆက်ကပ်မသွေ၊ သဒ္ဓါဝေလျက်
"သန္ဓေတောထွက်၊ ဓမ္မစက်" ဟု
ရက်မြတ်ခေါ်တွင်၊ ဝါအဝင်ဝယ်
မြန်ခွင်ပြည်လုံး "ငြိမ်း" စေသော်။

✻ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၍
အမှောင်ဖယ်ခွင်း၊ ဝါဆိုတွင်းဝယ်
သီတင်းသီလ၊ ဆောက်တည်ကြကာ
တောင့်တရည်သန်၊ ပြည်နိဗ္ဗာန်သို့
ဆုပန်ကောင်းမှု ဒါနပြုသည်
တောင်းဆုပြည့်ဝရစေသော်။

✻ ဝါဆိုခါပွဲ၊ ဝတ်မှုန်ကြဲသည့်
လှူပွဲပန်းမုံ၊ ဆင်းရောင်စုံတို့
သုန်သုန်လေညင်း၊ ရနံ့သင်းသည်
မြန်တွင်းပြည်နှံ့ မွှေးစေသော်။

✻ ဝါဆိုလမှန်၊ ကြုံရပြန်ဝယ်
နိုင်ငံတစ်ဝန်း၊ ငြိမ်းအေးချမ်း၍
တင့်ဆန်းဖွံ့ဖြိုး၊ ခေတ်မီတိုးသည်
ရိုးသားကြိုးစား၊ ဒို့လုပ်အားဖြင့်
စွမ်းအားညီညီ၊ အောင်ပွဲချီကာ
နေခြည်ပွင့်လန်း၊ မွှေးသောပန်းသို့
ချမ်းသာသုခ ပြည့်စေသော်။ ။

နှင်းမောင် (ဇီးကုန်း)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

လွှတ်တော်၌ တင်ပြခဲ့သည်များကို ပြည်သူ့အသံဟုမှတ်ယူပြီး စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ပြီးခဲ့သည့် ပြည်သူ့လွှတ်တော် အစည်းအဝေး၌ တင်ပြခဲ့ကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များကို မိမိဝန်ကြီးဌာနအနေဖြင့် ပြည်သူ့အသံဟု အလေးအနက်မှတ်ယူပြီး မိမိဌာနနှင့် သက်ဆိုင်သည့် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရာ၌ သတ်မှတ်ကုန်ကျငွေဖြင့် သတ်မှတ်ကာလအတွင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် စီမံချက်များချမှတ်ကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိကြောင်း၊ ယင်းလုပ်ငန်းများကို အမျိုးသားရေးလုပ်ရှားမှု အသွင်ဖြင့် ဆက်စပ်ဌာနဆိုင်ရာများနှင့်ပါ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

လုပ်ငန်းများ အောင်မြင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးဌာနမှူးများအနေဖြင့် မိမိတို့၏ အကြံဉာဏ်ကောင်းများဖြင့် တွေးခေါ်မြော်မြင် သုံးသပ်၍ လက်တွေ့ကျကျ ဆောင်ရွက်ကြရန်၊ အထက်ဌာန၏ ညွှန်ကြားချက်များ အကောင်အထည်ဖော်ရေး၊ လာဘ်ပေးလာဘ်ယူပပျောက်ရေး၊ အသွင်သစ်ဖြင့် ဆက်ဆံရေး စသည့် လုပ်ငန်းအခြေအနေများကို အောက်ခြေအဆင့်ဝန်ထမ်းများကိုပါ ရှင်းလင်းချပြ၍ ထိထိရောက်ရောက် ဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ပြည်တွင်းပြည်ပ အနုပညာရပ်ဝန်း ပြည်တွင်းပြည်ပ အနုပညာရပ်ဝန်း

ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ အာဒမ်ရယ် ဝေရယ် ဒသရယ် ဇာတ်ကား ဆက်လက်ပြသ

ဇူလိုင် ၁၅ ရက် (ဝါဆိုလပြည့်) သောကြာနေ့တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများဖြစ်သည့် သမ္မတ၊ သွင်၊ မင်္ဂလာ၊ မော်တင်ဂျန်းရှင်း၊ TOP Royal နှင့် နဝဒေးရုံတို့တွင် ပြသဆဲ မြန်မာရုပ်ရှင်ကားသစ် **အာဒမ်ရယ်၊ ဝေရယ် ဒသရယ်** ဇာတ်ကားသာ ဆက်လက်ပြသမည်ဖြစ်သည်။

ပုညခင်၏ ဝတ္ထုကို ဒါရိုက်တာ ဝိုင်းက ဇာတ်ညွှန်းရေးသားပြီး ရိုက်ကူးသည့် ဤဇာတ်ကားမှာ လူငယ်များ၏ ချစ်ခြင်းမေတ္တာနှင့် မိဘတို့၏ သားသမီးအပေါ်ထားသည့် မေတ္တာတရားကို ချိန်ထိုးနှိုင်းယှဉ်ပြသထားသည့် မေတ္တာဖွဲ့ဇာတ်ကားဖြစ်သည်။ ပြေတီဦး၊ စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်၊ ရဲအောင်၊ ထွန်းထွန်းဝင်း၊ မျိုးသန္တာထွန်း၊ စိုးမိုးကြည်တို့ ခေါင်းဆောင်ပါဝင်ကြသည်။

မြန်မာဇာတ်ကားသစ်တစ်ကားဖြစ်သည့် **ပင်လယ်ထက်ကနေဝန်းနီ** ရုပ်ရှင်ကားမှာ ရွှေဗဟို၊ ဝဇီရာ(၂)၊ ဘုရင့်နောင်နှင့် ဧရာဝတီရုံများတွင် ပြသမည်ဖြစ်ပြီး **အိုးဆားဗစ်** ဒီဗွီဒီဇာတ်ကားမှာ စံပြ၊ ရွှေမန်းနှင့် သီတာရုံများတွင် ပြသမည်ဖြစ်သည်။ ဇူလိုင်လနောက်ဆုံးပတ်တွင် လာထားအာဘွား(၂) ဇာတ်ကား ရုံတင်ပြသမည်ဖြစ်သည်။

နိုင်ငံခြားဇာတ်ကားကြိုက် ရုပ်ရှင်ကြည့်ပရိတ်သတ်များအတွက် ရွှေ့ဆောင်ရုံတွင် ပြသမည့် GREEN LANTERN ဇာတ်ကားမှာ လူသားကမ္ဘာကြီးမပေါ်မီ နှစ်ပေါင်းများစွာကာလ စကြဝဠာအတွင်းမှ ပုဂ္ဂိုလ်ထူးများ၏ စိတ်နယ်လွန်တန်ခိုးစွမ်းအင်များအကြောင်းကို ဇာတ်လမ်းဖွဲ့ရိုက်ကူးထားသည့် လျှို့ဝှက်သည်းဖို ဇာတ်ကားဖြစ်သည်။

နေပြည်တော်ရုံတွင် ပြသမည့် XMEN-FIRST CLASS ဇာတ်ကားမှာ

မှ ၁၉၄၄ ခုနှစ် ပိုလန်နိုင်ငံကို နာဇီဂျာမနီတို့ သိမ်းပိုက်ထားစဉ် မိဘများနှင့်အတူ အကျဉ်းကျခံနေရသည့် လူငယ်စိတ်စွမ်းအားရှင် တစ်ဦး၏ မိဘများအတွက် စိတ်တန်ခိုး အသုံးပြုပြီး ကလဲ့စားချေမှုကို စိတ်ဝင်စားဖွယ် ရိုက်ကူးပြသထားသည့် ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

ဟောလိဝုဒ်မင်းသမီး ဂျနီဖာအန်နစ်စတန်၏ ဘဝလှုပ်ရှားမှုပုံရိပ်

နာမည်ကျော် ဟောလိဝုဒ်မင်းသမီးချော ဂျနီဖာအန်နစ်စတန်၏ ဇာတ်ကားဖြစ်သည့် Horrible Bosses ဇာတ်ကားသည် ယခုလောလောဆယ် အမေရိကန်နိုင်ငံတစ်ဝန်းတွင် ရုံတင်ပြသလျက်ရှိရာ အောင်မြင်မှုရရှိနေသည့် ဇာတ်ကားတစ်ကားဖြစ်သည်။

အသက် (၄၂)နှစ် ရှိပြီဖြစ်သည့် ဂျနီဖာက ဤဇာတ်ကား၏ အချို့ဇာတ်ဝင်ခန်းများသည် ကိုးရိုးကားရားနိုင်ပြီး အလွန်ရယ်စရာကောင်းကြောင်းနှင့် ဤကားတွင် ပါဝင်သရုပ်ဆောင်ခွင့်ရရှိသည့်အတွက် ကျေနပ်ဝမ်းသာမိကြောင်း ထုတ်ဖော်ပြောကြားသည်။

ဂျနီဖာသည် မကြာသေးမီက Project Five အမည်ရှိ ဇာတ်ကားကို ဒါရိုက်တာအဖြစ် ပထမဆုံး ရိုက်ကူးခဲ့သည်။ ဤဇာတ်ကားသည် ရင်သားကင်ဆာ၏ ဆိုးကျိုးသက်ရောက်မှုအကြောင်း ရိုက်ကူးထားခြင်းဖြစ်ပြီး သူမက ဒါရိုက်တာအဖြစ် ရိုက်ကူးရသည်ကို နှစ်သက်ကြောင်း၊ အကြောင်းမှာ သူမအနေဖြင့် ကင်မရာရှေ့တွင် နှစ်ပေါင်းများစွာ သရုပ်ဆောင်လာခဲ့ရာ ယခုကဲ့သို့ ကင်မရာနောက်ကွယ်မှ ညွှန်ကြားရိုက်ကူးရသည်ကို သဘောကျနှစ်သက်ခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် အသက် (၄၀)ကျော် အရွယ်ထိ နုပျိုလှပနေဆဲဖြစ်သည့် ဂျနီဖာက ယောဂကျင့်စဉ်သည် သူမဘဝ၏ အရေးပါဆုံး အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။ မည်မျှ အလုပ်များ၍ ပင်ပန်းသည်ဖြစ်စေ တစ်နေ့ကို အနည်းဆုံး မိနစ် ၂၀ ကြာအောင် ယောဂကျင့်စဉ်ကို မပျက်မကွက် ပြုလုပ်ကြောင်းနှင့် ယင်းကဲ့သို့ ပြုလုပ်ခြင်းကြောင့် ခန္ဓာကိုယ်မှချွေးထွက်ပြီး သွေးလည်ပတ်မှု အားကောင်းစေကြောင်း သူမက ပြောကြားသည်။

မင်းသမီး ဂျနီဖာသည် ယခုအခါ မင်းသား ဂျက်စတင်သီရောက်ခ်နှင့် တွဲလျက်ရှိပြီး အသက်အရွယ် ကွာခြားမှုနှင့်ပတ်သက်၍ စိုးရိမ်သောကမရှိကြောင်း၊ အသက်ကြီးလာသော်လည်း မိမိခန္ဓာကိုယ်အလှတရားကို ယုံကြည်မှုရှိကြောင်း၊ ယခုအခါမှာ မိမိကိုယ်မိမိ အသက် (၂၀) အရွယ်ကထက်တောင် ပိုပြီးကျေနပ်အားရကြောင်း ထုတ်ဖော်ပြောကြားသည်။ ***အင်တာနက်။***

ဂျနီဖာအန်နစ်စတန်။

အောဝမ်းစိုး

တက္ကသိုလ်ကြီးများ လေ့လာရေးပညာသင်ဆု ပေးအပ်မည်

ရန်ကုန် ဇူလိုင် ၁၄

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများနှင့် ယခင်နှစ်များမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများအတွက် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးများသို့ ဩဂုတ်လဒုတိယပတ်တွင် သွားရောက်လေ့လာမည့်အစီအစဉ်ကို Overseas Education Service Center(OESC) က ပညာသင်ဆုပေးအပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ကျောင်းသား၊ ကျောင်းသူများအတွက် ထိုင်းနိုင်ငံတွင် စရိတ်သက်သာစွာဖြင့် သွားရောက်ပညာသင်ကြားနိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးများ၏ စာသင်ကြားမှုပုံစံ၊ စာကြည့်တိုက်အသုံးပြုပုံများနှင့် အခြားအခွင့်အရေးများကို ကြိုတင်သိရှိနိုင်စေရန်နှင့် မိမိရွေးချယ်ထားသောကျောင်းနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်တို့ကို ရည်ရွယ်၍ စီစဉ်ရခြင်းဖြစ်ပြီး ဘွဲ့ရမှ ဘွဲ့လွန်အဆင့်အထိလည်း တက်ရောက်နိုင်မည် ဖြစ်သည်။

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ထားသူများအတွက် အသက်သာဆုံးနှင့် အကောင်းဆုံးဖြစ်ရန် စီစဉ်ထားပြီး တက္ကသိုလ်လေ့လာရေးခရီးစဉ်သို့ လိုက်ပါလိုသူများနှင့် အသေးစိတ်သိရှိလိုသူများသည် OESC ဖုန်း-၀၁-၅၁၉၀၉၂၊ ၀၉-၇၃၀၉၄၀၆၀ နှင့် ၀၉-၅၀၈၆၈၁၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ (ကြေးမုံ)

အမြို့မြို့အနယ်နယ်၌ သစ်ပင်စိုက်ပျိုး

ဒီမော့ဆိုမြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုး

ဒီမော့ဆို ဇူလိုင် ၁၄

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် ၂၀၁၁ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီတွင် ဒီမော့ဆိုမြို့ ဒေါတမငယ် ရပ်ကွက် (အလက)ကျောင်းဝင်း၌ ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးနေမျိုးဝင်းက သစ်ပင်စိုက်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ပြည်သူလူထုနှင့် ကျောင်းသား၊ ကျောင်းသူများအား ပျိုးပင်များပေးအပ်ပြီး ကျွန်း၊ ယူကလစ်၊ မဟော်ဂနီ၊ စိန်ပန်းပြာ၊ မဲဇလီ စုစုပေါင်း အပင် ၁၅၀၀ အား စုပေါင်းစိုက်ပျိုးကြသည်။**(အောက်ပုံ)** (မြို့နယ်သစ်တော)



ကျေးရွာပိုင်သစ်တောစိုက်ခင်း စိုက်ပျိုးပွဲကျင်းပ

ပြင်ဦးလွင် ဇူလိုင် ၁၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ကျေးလက်အိမ်ရာ ထူထောင်ရေးစီမံချက်အရ ကျေးရွာပိုင်သစ်တောစိုက်ခင်း တစ်ရွာတစ်ဧက စိုက်ပျိုးပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီက ရေခြံစုစံပြကျေးရွာ၌ ကျင်းပရာ နယ်မြေတာဝန်ခံတောအုပ်ကြီး ဦးမြင့်အောင်နှင့် ဘိနယ်တာဝန်ခံတောအုပ် ဦးနိုင်ဝင်းတို့က ရေခြံစုကျေးရွာပိုင်ကျွန်းတစ်ဧက အပင် ၆၀၀ နှင့် ယူကလစ် တစ်ဧက အပင် ၆၀၀ ကို ကျေးရွာသူ၊ ကျေးရွာသားတို့ စုပေါင်းစိုက်ပျိုးကြသည်။**(အောက်ပုံ)** (၆၁၃)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၅-၇-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၀၅ ၃။ မျိုးချစ်တပ်မတော်
၄း၁၀ ၄။ မဟာဂီတချိုကြည်မြ
၄း၂၀ ၅။ ပညာပေးဇာတ်လမ်းတို
၄း၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၀ ၈။ အိုင်စီတီသုတ
၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာကသက်ရှိသတ္တဝါများ (အပိုင်း-၁၉)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၃။ "ရွှာ"ဟာသဇာတ်လမ်းတွဲ
၆း၄၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၄၂)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ စိုက်ပျိုးသုတ
၂၂။ သံစဉ်များနှင့်ကမ္ဘာ
၂၃။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၃၃)**
၂၆။ ကမ္ဘာတစ်ခွင်ခရီးစဉ်

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ကိုရီးယားသမ္မတနိုင်ငံ Ministry of Food Agriculture, Forestry and Fishers (MOSF) ၏ Former Minister Dr.Tae-Pyong Chang ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး MOSF က ဆောင်ရွက်လျက်ရှိသော Knowledge Sharing Program(KSP) အစီအစဉ်အရ မြန်မာနိုင်ငံတွင် ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ကိုရီးယားသမ္မတနိုင်ငံ Ministry of Food Agriculture, Forestry and Fishers (MOSF) ၏ Former Minister Dr.Tae-Pyong Chang ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ကိုရီးယား ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ရေးကုမ္ပဏီဥက္ကဋ္ဌ Mr.Bongsoo Kim နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ကိုရီးယား ငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်ရေးကုမ္ပဏီ Korea Exchange (KRX) ဥက္ကဋ္ဌ Mr.Bongsoo Kim နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်သူလူထု လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၄

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသော ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အမှတ် (၂) လျှပ်စစ် စွမ်းအား ဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီး ဦး ခင်မောင်စိုး အမှတ်(၂) လျှပ်စစ် စွမ်းအား ဝန်ကြီးဌာန၏ လုပ်ငန်း ညှိနှိုင်း အစည်း အဝေး တွင် အမှာ စကား ပြောကြားစဉ်။

(သတင်းစဉ်)

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများနှင့် ဘဏ္ဍာရေးတာဝန်ခံများက စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ ပစ္စည်းစီမံရေးနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာကိစ္စရပ်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ လျှပ်စစ်စွမ်းအား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားဖြန့်ဖြူးမှု စနစ်တကျ ဆောင်ရွက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဝန်ကြီးဌာနလက်အောက်မှ ရေအားလျှပ်စစ်စက်ရုံများ၊ ဒီဇယ်စက်ရုံများနှင့် ဓာတ်ငွေ့/ရေနွေးငွေ့ စက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက် ပြည့်မီစွာ ရရှိရေးနှင့် ကြွေးကျန်လျော့နည်းရန် စီမံချက်ရေးဆွဲဆောင်ရွက်ရေး၊ ငွေကြေးသုံးစွဲမှုများ စနစ်တကျရှိရေး၊ ပြည်သူလူထု လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် အသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားခဲ့သည်။ (သတင်းစဉ်)

မွေးမြူ/ဆေးကုတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

၁၉၈၆-၁၉၉၄ အောက်တိုဘာလ မွေးမြူ/ဆေးကုတက္ကသိုလ် ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ရန်ကုန်မြို့၌ အောက်တိုဘာလအတွင်း ကျင်းပမည်ဖြစ်ရာ အလှူငွေများကို CB ဘဏ် ရုံးချုပ် ငွေစာရင်းအမှတ် (၀၁ ၃၂၀ ၄၄၉၃၀) မသီတာလင်းထွန်း၊ မဇင်မာလွင်၊ ကိုစိုးလင်းထွန်း ဖုန်း-၀၉-၅၁၃ ၃၄၃၅၊ ကိုကျော်ကျော် ဖုန်း-၀၉-၂၀၀ ၀၀၉၀၊ ဒေါက်တာမျိုးသန်း ဖုန်း-၀၉-၅၁၈၈၆၆၅၊ ဒေါက်တာစန်းနိုင်ဦး ဖုန်း-၀၉-၂၀၃၃၆၀၈၊ ဒေါက်တာ မိုးစည်သူ ဖုန်း-၀၉-၂၀၁၂၆၃၂၊ ဒေါက်တာမျိုးခိုင် ဖုန်း-၀၉-၅၀၇၆၄၃၃၊ ဒေါက်တာ ဇင်မာလွင် ဖုန်း-၀၁-၇၀၉၀၆၃၊ ဒေါက်တာသီတာလင်းထွန်း ဖုန်း-၀၉-၅၁၆၈၇၁၇၊ ဒေါက်တာမင်းဌေး ဖုန်း-၀၉-၇၃၁၂၀၃၆၄၊ ဒေါက်တာ ကျော်ကျော်မိုး ဖုန်း-၀၉-၄၉၂၁၄၃၀၆၊ ဒေါက်တာသန်းဝင်း ဖုန်း-၀၉-၅၁၃ ၀၂၃၀၊ ဒေါက်တာယိန်းညော် ဖုန်း-၀၉-၂၄၀၀၅၇၁၊ ဒေါက်တာယဉ်မင်းအေး ဖုန်း-၀၉-၂၀၁၂၀၄၁နှင့် ဒေါက်တာမျိုးမင်းထိုက်(ခ)သန်းစိုး ဖုန်း-၀၉-၅၄၀၄၅၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

စက်မှုအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မြတ်ဆရာ ပူဇော်မည်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်စက်မှုတက္ကသိုလ်သို့ ၁၉၆၇ ခုနှစ်တွင် ဝင်ခွင့်ရပြီး မည်သည့်ခုနှစ်တွင် ဘွဲ့ရသည်ဖြစ်စေ၊ ၁၉၇၃ ခုနှစ်တွင် ဘွဲ့ရပြီး မည်သည့်ခုနှစ်တွင် ဝင်ခွင့်ရသည်ဖြစ်စေ၊ စက်မှုအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူဟောင်း သူငယ်ချင်းများ တွေ့ဆုံပွဲကို လစဉ်နောက်ဆုံး (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အမှတ်(၆၀) ဆရာစံလမ်း SS Cafe'၌ ကျင်းပမည်ဖြစ်ပြီး မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာလပထမပတ်တွင် ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် သိရှိလိုသည်များကို ဗိုလ်မှူးကြီးခင်မောင်လတ် (ငြိမ်း) ဖုန်း-၀၉-၅၁၅၂၈၂၁၊ ဦးလှဝင်း ဖုန်း-၀၉-၅၁၉၇၆၂၁၊ ဦးအောင်မောင်း ဖုန်း-၀၉-၅၁၂၆၂၇၆၊ ဒေါ်စန်းရီ ဖုန်း-၀၉-၅၁၁၈၅၂၀၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၁၄၈၇၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အလေးချိန်ခွင် မှန်ကန်ရေး စစ်ဆေး

သပိတ်ကျင်း ဇူလိုင် ၁၄

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်းရှိ ဈေးဆိုင်များမှ အလေးချိန်ခွင် အတိုင်းအတာ မှန်ကန်စွာ ရောင်းချစေရေးကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးကော်မတီအဖွဲ့များ ပူးပေါင်း စစ်ဆေးမှုကို အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းက ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

မိုးရာသီဘဏ်ချေးငွေထုတ်ချေး

တပ်ကုန်း ဇူလိုင် ၁၄

နေပြည်တော်ကောင်စီ နယ်မြေ တပ်ကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဦးအောင်ကျော်ထွန်းနှင့် ဝန်ထမ်းများသည် ၂၀၁၁ ခုနှစ် မိုးရာသီ ဘဏ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၄၅ အုပ်စုမှ တောင်သူ ၆၂၇၇ ဦးအား စပါး ၃၂၉၈၆ ဧကနှင့် ဝါ ၁၉၆၃ ဧက အတွက် ငွေကျပ် ၆၇၉၃ သိန်းကျော် ထုတ်ချေးပြီးဖြစ်ကြောင်း သိရသည်။

(၀၉၂)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
(Constitutional Tribunal of the Union)
အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်

နေပြည်တော်　　ဇူလိုင်　　၁၄

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အားလုံး ပါဝင်သော ခုံရုံးသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်က ကြားနာပြီးဖြစ်သည့် တင်သွင်းလွှာအမှတ် (၁/၂၀၁၁) အပေါ် အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်သည်။

(သတင်းစဉ်)

❊ ရောင်းသူနှင့် ဝယ်သူမှ

အလားတူ အထူးရောင်းချပွဲသို့ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ စင်ကာပူနှင့် ရုရှားနိုင်ငံတို့မှ ရတနာကုန်သည် ၄၇၄၄ ဦး၊ ပြည်တွင်းရတနာကုန်သည် ၄၆၂၂ ဦး၊ စုစုပေါင်း ၉၃၆၆ ဦး တက်ရောက်ခဲ့ကြရာ ယခင်ပြပွဲများကထက် ပိုမိုတက်ရောက်လာခြင်းဖြစ်ကြောင်း သိရှိရသည်။

နေပြည်တော်တွင် တတိယအကြိမ်အဖြစ်ကျင်းပသည့် ယင်းအထူးရောင်းချပွဲ၌ ပုလဲကို ဇူလိုင် ၂ ရက်နှင့် ၃ ရက်တို့တွင် ပြသရောင်းချပေးခဲ့သည်။ တင်ဒါစနစ်ဖြင့် ၃၁၃ တွဲပြသခဲ့ရာ ၂၅၁ တွဲရောင်းချနိုင်ခဲ့သည်။ အလားတူ ဈေးပြိုင်စနစ်ဖြင့် ၄၂ တွဲပြသခဲ့ပြီး ၃၇ တွဲကို ပုလဲကုန်သည်များက ဈေးပြိုင်ပေး၍ ဝယ်ယူခဲ့ကြသည်။ သို့ဖြစ်ရာ စုစုပေါင်းပုလဲ ၂၈၈ တွဲကို ဈေးနှုန်းမြင့်မားစွာဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရှိရသည်။ ယခုနှစ် မတ်လက ကျင်းပခဲ့သည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ၂၅၃ တွဲ ရောင်းချနိုင်ခဲ့ရာမှ ယခုအကြိမ်တွင် ပိုမိုရောင်းချပေးနိုင်ခဲ့ခြင်း ဖြစ်သည်။ အလားတူ ကုန်သည်များက အပြိုင်အဆိုင် ဈေးပေး၍ ဝယ်ယူကြသဖြင့် မျှော်မှန်းသည်ထက် ဈေးပိုမိုရရှိခဲ့သည်။ ပုလဲရောင်းချပွဲ၌ ပုလဲအများဆုံးဝယ်ယူသူဆိုကို ဂျပန်နိုင်ငံ Paras Pearl Co., မှ Mr. Javeri Parful Shantichand က ရရှိခဲ့သည်။ အရည်အသွေးကောင်း မြန်မာ့ပုလဲများကို ဂျပန်နိုင်ငံမှ ကုန်သည်များက အထူးနှစ်သက်စွာဖြင့် ဈေးပိုပေးကာ ဝယ်ယူခဲ့ကြကြောင်း သိရှိရသည်။

အလားတူ ကျောက်မျက်ရတနာများကို ဇူလိုင် ၄ ရက်တွင် ပြသရောင်းချပေးခဲ့ရာ တင်ဒါစနစ်ဖြင့် ၁၉ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ၁၉ တွဲ၊ စုစုပေါင်း ၃၈ တွဲ ရောင်းချခဲ့ရသည်။ ယခင်ပြပွဲများတွင် ၃၁ တွဲနှင့် အတွဲ ၃၀ စီသာ ရောင်းချပေးနိုင်ခဲ့ရာမှ ယခုပြပွဲတွင် ပိုမိုရောင်းချ ပေးနိုင်ခဲ့သည်။ ကျောက်မျက်ရတနာရောင်းချပွဲသို့ ထိုင်းနိုင်ငံမှ ရတနာကုန်သည် ၂၁ ဦး၊ တရုတ်နိုင်ငံမှခုနစ်ဦးနှင့် ပြည်တွင်းရတနာကုန်သည် ၁၂ ဦး၊ စုစုပေါင်း ရတနာကုန်သည် ၄၀ တက်ရောက်ခဲ့ကြသည်။ ကျောက်မျက်ရတနာဝယ်ယူသူ အများဆုံးဆုကို ပြည်တွင်းရတနာကုန်သည် တစ်ဦးဖြစ်သူ Ruby Dragon Co., မှ ဦးမောင်မောင်နိုင်က ရရှိခဲ့သည်။ ဒုတိယအများဆုံးဝယ်ယူသူမှာ တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ်မှ Ms. Zhang Baoling ဖြစ်သည်။ ကျောက်မျက်ရတနာများ ရောင်းချပေးခဲ့ရာတွင် ယခင်ပြပွဲများကထက် အတွဲအရေအတွက် ပိုမိုများပြားခဲ့သကဲ့သို့ ဈေးနှုန်းမှာလည်း ရောင်းချရသည့် ကျောက်မျက်ရတနာအတွဲ ၃၈ တွဲ၏ အခြေခံဈေးထက် ၈၉ ဒသမ ၆၄ ရာခိုင်နှုန်း ပိုမိုရရှိခဲ့သည်။ ယခုရောင်းချပွဲတွင် မိုးကုတ်ကျောက်မျက်ရတနာက မိုင်းရှူးကျောက်မျက်ရတနာများထက် ပိုမိုတင်ပြနိုင်သကဲ့သို့ ရတနာကုန်သည်များကလည်း မိုးကုတ်ကျောက်မျက်ရတနာ ၃၁ တွဲနှင့် မိုင်းရှူးကျောက်မျက်ရတနာ ခုနစ်တွဲတို့ကို ဝယ်ယူခဲ့ကြသည်။

ယခုရောင်းချပွဲတွင် ထူးခြားသည်မှာ တရုတ်နိုင်ငံမှ ကျောက်မျက်ရတနာကုန်သည်များ ယခင်ကထက် ပိုမိုတက်ရောက်လာခြင်းပင်ဖြစ်သည်။ ယခင်က တရုတ်ရတနာကုန်သည် အနည်းငယ်သာ ကျောက်မျက်ရတနာရောင်းချပွဲသို့ တက်ရောက်ခဲ့ပြီး သလင်းကျောက်များကိုသာ အဓိကဝယ်ယူခဲ့ကြသည်။ ယခုပွဲတွင်မူ မိုးကုတ်ကျောက်မျက်ရတနာများကို စိတ်ဝင်တစားဝယ်ယူခဲ့ကြသည်။ ပြည်တွင်းရတနာကုန်သည်များကလည်း တရုတ်ကုန်သည်များနှင့် ဈေးပြိုင်ပေး၍ ဝယ်ယူခဲ့ကြသဖြင့် ပိုမိုရောင်းချခဲ့ရခြင်းဖြစ်ကြောင်း ကျောက်မျက်ရတနာဆပ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ထိုင်းနိုင်ငံမှ ရတနာကုန်သည်များမှာမူ ယခင်ပြပွဲများကအတိုင်း မိုင်းရှူးကျောက်မျက်ရတနာများကို ဝယ်ယူခဲ့ကြသည်။

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲတွင် ပြသရောင်းချပေးခဲ့သည့် လက်ဝတ်ရတနာအချို့ကို တွေ့ရစဉ်။

ရတနာကုန်သည်များ ကျောက်မျက်များကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူနေကြစဉ်။

ရတနာကုန်သည်များ အထူးစိတ်ဝင်စားသည့် ကျောက်စိမ်းရောင်းချပွဲကိုမူ ဇူလိုင် ၃ ရက်မှ စတင်၍ ရောင်းချပေးခဲ့သည်။ ရောင်းချရာတွင် တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၂၁၈၉၀ ၊ ဈေးပြိုင်စနစ်ဖြင့် အတွဲပေါင်း ၄၂၇ တွဲ၊ စုစုပေါင်း ၂၂၃၁၇ တွဲကို ရောင်းချပေးခဲ့သည်။ ဇူလိုင် ၃ ရက်မှ ၉ ရက်အထိ တင်ဒါစနစ်ဖြင့်ရောင်းချရာ၌ ကျောက်စိမ်းအတွဲပေါင်း ၁၇၂၂၂ တွဲကို ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များက အပြိုင်အဆိုင်ဈေးပေးဝယ်ယူခဲ့ကြသည်။ ဇူလိုင် ၁၀ ရက်မှ ၁၃ ရက်အထိ ဈေးပြိုင်စနစ်ဖြင့်ရောင်းချပေးရာ၌လည်း ၂၂၇ တွဲကို ဝယ်ယူခဲ့ကြသည်။ ထို့အတူ အင်ကြင်းကျောက်နှစ်တွဲကိုလည်း ဈေးပြိုင်ပေး၍ ဝယ်ယူခဲ့ကြသည်။ အထူးရောင်းချပွဲတွင် ရောင်းချပေးနိုင်ခဲ့သည့် ကျောက်စိမ်းအတွဲပေါင်းမှာ ၁၇၄၄၉ တွဲ ဖြစ်သည်။ ပြီးခဲ့သည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ၁၃၆၀၈ တွဲ ရောင်းချခဲ့ရရာမှ ယခုရောင်းချပွဲတွင် ပိုမိုရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။ မူလခင်းကျင်းပြသသည့် ကျောက်စိမ်းအတွဲများ၏ ၇၈ ဒသမ ၁၈ ရာခိုင်နှုန်းကို ရောင်းချနိုင်ခဲ့ပြီး ဈေးနှုန်းအားဖြင့်လည်း အခြေခံဈေး၏ ၃၄၃ ဒသမ ၆၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရရှိခဲ့သည်။ ကျောက်စိမ်းတွဲအချို့ကို မူလအခြေခံဈေးထက် အဆပေါင်းများစွာ ဈေးပြိုင်ပေး၍ ဝယ်ယူခဲ့ကြသည်။ ကျောက်စိမ်းဝယ်ယူသူအများဆုံးဆုကို တရုတ်နိုင်ငံမှ ရတနာကုန်သည် Mr. Cai Xiaowu က ရရှိခဲ့သည်။

ကျောက်စိမ်းအတွဲများအား အပြိုင်အဆိုင်ဈေးပေးဝယ်ယူမှုနှင့် ပတ်သက်၍ ရတနာကုန်သည်တစ်ဦးဖြစ်သည့် ဦးစိုးမိုးဝင်းအား မေးမြန်းကြည့်ရာ "အရင် (၄၈)ကြိမ်မြောက် ပြပွဲတုန်းက ၁၆ တွဲသာဝယ်ယူခဲ့ပြီး အခုရောင်းချပွဲမှာ ၂၄ တွဲအထိ တိုးမြှင့်ဝယ်ယူနိုင်ခဲ့ပါတယ်။ အခုအချိန်က မိုးရာသီဆိုတော့ မော်ထဲမှာ တူးဖော်ရေးလုပ်ငန်းတွေ ရပ်နားထားရတဲ့အချိန်ပါ။ ဒါကြောင့် ဒီပွဲမှာ ပြည်တွင်းရတနာကုန်သည်တွေ အများအပြား ပိုမိုတက်ရောက်လာပြီး ပြည်ပက ကုန်သည်တွေနဲ့ အပြိုင်ဈေးပေးဝယ်ယူခဲ့ကြခြင်းဖြစ်ပါတယ်။ ကျွန်တော်ဝယ်ယူတဲ့ ကျောက်တွေကို မန္တလေးမှာပဲ လက်ကောက်၊ ရုပ်တုစတဲ့ အချောထည်တွေ ပြုလုပ်သွားမှာပါ " ဟုဖြေကြားသည်။

ပြည်ပမှရတနာကုန်သည်များအနေဖြင့်လည်း မိမိကြိုက်နှစ်သက်သည့် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများကို ဝယ်ယူရင်း နေပြည်တော် ဝန်းကျင်ကိုလည်း သွားရောက်လည်ပတ်ခဲ့ကြကြောင်း မေးမြန်းသိရှိရသည်။

ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသမှလာရောက်သည့် ရတနာကုန်သည်တစ်ဦးက မိမိအနေဖြင့် မြန်မာနိုင်ငံကို တတိယအကြိမ် လာရောက်ခြင်းဖြစ်ကြောင်း၊ နေပြည်တော်ရှိ ရေပန်းဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်၊ Capital Hyper Market နှင့် Junction Centre တို့ကို သွားရောက်လည်ပတ်ခဲ့ပါကြောင်း၊ နေပြည်တော်သည် သာယာလှပသည့် မြို့တော်ကြီးဖြစ်ပြီး ပတ်ဝန်းကျင်သန့်ရှင်းမှုလည်း ကောင်းမွန်သည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း သယံဇာတပေါကြွယ်ဝသည့်နိုင်ငံ ဖြစ်ကြောင်းကို ဤအထူးရောင်းချပွဲကြီးက သက်သေပြလျက်ရှိကြောင်း၊ မိမိအနေဖြင့် ကျောက်စိမ်းအတွဲပေါင်း ၅၀ ခန့်ဝယ်ယူနိုင်ခဲ့ကြောင်းဖြင့် ပြောကြားသည်။

မြန်မာ့ကျောက်စိမ်းအတွဲများကို ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။

အလားတူ တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်မှ ရတနာကုန်သည်တစ်ဦးကလည်း မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်ခြင်းဖြစ်ကြောင်း၊ မြန်မာ့ကျောက်စိမ်းသည် မာခြင်း အဆင့်မြင့်မားသဖြင့် ကမ္ဘာ့ဈေးကွက်တွင် လူကြိုက်များကြောင်း၊ စနစ်တကျ ထုတ်ယူပြီး ကိုယ်တိုင်အချောထည်ပြုလုပ်ရောင်းချပါက ဈေးပိုရနိုင်ကြောင်း၊ ယခုပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၄၀ ခန့်ဝယ်ယူဖြစ်ကြောင်း၊ နောင်ပြပွဲများကိုလည်း မပျက်မကွက်တက်ရောက်မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများ ပိုမိုရောင်းချခဲ့ရသကဲ့သို့ မဏိရတနာကျောက်စိမ်းခန်းမရှိ ပြပွဲခန်းမဝန်းကျင်၌ ဖွင့်လှစ်ပြသရောင်းချပေးခဲ့သည့် ပုဂ္ဂလိက လက်ဝတ်ရတနာအရောင်းဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များတွင်လည်း ရတနာကုန်သည်များက ယခင်ပြပွဲများကထက် ပိုမိုဝယ်ယူခဲ့ကြကြောင်း မေးမြန်းသိရှိရသည်။ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ရောင်းချပေးသည့် အဆိုပါအရောင်းဆိုင်များမှာ ဆိုင်ပေါင်း ၅၀ ခန့်ရှိသည်။

ရောင်းချရမှုနှင့်ပတ်သက်၍ Special (Mra&Khaing) လက်ဝတ်ရတနာအရောင်းဆိုင်မှ ဒေါ်ညွန့်ညွန့်ခိုင်က "ကျွန်မတို့ဆိုင်က ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ပတ္တမြား၊ နီလာတို့နဲ့ ပြုလုပ်ထားတဲ့ လက်ဝတ်ရတနာတွေ၊ ရုပ်တု၊ပုတီးစတဲ့ ကျောက်စိမ်းအချောထည်တွေကို ပြသ ရောင်းချပေးပါတယ်။ ကျောက်စိမ်းနဲ့လုပ်တဲ့ ဆွဲသီး၊ လက်စွပ်တို့ကို တရုတ်ရတနာကုန်သည်တွေ ပိုမိုဝယ်ယူကြပါတယ်။ ပြပွဲရက်ပိုမိုရှည်ကြာလို့လည်း အရင်ကထက် ပိုပြီးရောင်းခဲ့ရပါတယ်"ဟု ပြောကြားသည်။ အခြားလက်ဝတ်ရတနာအရောင်းဆိုင်တစ်ဆိုင်ကလည်း ပုလဲရောင်းချပွဲတွင် ပုလဲများကို ယခင်ကထက် ဈေးပိုပေး၍ဝယ်ယူခဲ့ကြသကဲ့သို့ မိမိဆိုင်တွင် ရောင်းချပေးသည့် ပုလဲများကိုလည်း ဈေးကောင်းပေး၍ ဝယ်ယူကြပါကြောင်းဖြင့် ရှင်းပြသည်။

နိုင်ငံတော်အနေဖြင့် ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ခုနှစ်ကစတင် ကျင်းပပေးခဲ့ပြီး ၁၉၉၂ခုနှစ်တွင် ပုဂ္ဂလိကပိုင် ကျောက်စိမ်းအတွဲများကို ရောင်းချပေးခဲ့သည်။ အလားတူ ပုဂ္ဂလိကကုမ္ပဏီများ၊ လုပ်ငန်းရှင်များအား ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်မှုကို ခွင့်ပြုအားပေးခဲ့ပြီး ကျောက်မျက်ရတနာများ ထုတ်လုပ်ရောင်းချမှု တိုးတက်မြင့်မားလာရေးအတွက်လည်း လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။ သို့ဖြစ်ရာ ယခင်က ကျောက်မျက်ရတနာများကို လူအားဖြင့်သာ တူးဖော်ခဲ့ရာမှ ယခုအခါ ခေတ်မီတူးဖော်ရေးစက်ယန္တရားများဖြင့် စနစ်တကျ တူးဖော်လာနိုင်ခဲ့ပြီး ကျောက်မျက်ရတနာများကို ပိုမိုတူးဖော်ထုတ်လုပ်နိုင်ခဲ့သည်။

တူးဖော်ထွက်ရှိသည့် ကျောက်မျက်ရတနာများကို မိမိမြေပေါ်တွင် မိမိကြိုက်သည့် ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် အတွက်လည်း ကျောက်မျက်ရတနာပြပွဲများ၊ အထူးရောင်းချပွဲများကို အဆက်မပြတ် ကျင်းပပေးခဲ့သည်။ ယခုပြပွဲများတွင် ပြသရောင်းချပေးသည့် ကျောက်စိမ်းတွဲ အားလုံးနီးပါးမှာ ပုဂ္ဂလိကပိုင်ကျောက်စိမ်းအတွဲများသာ ဖြစ်သည်။ ထို့ကြောင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအနေဖြင့် ကျောက်မျက်ရတနာ ဝယ်ယူသူနှင့် ရောင်းချသူများ အဆင်ပြေချောမွေ့စွာ ရောင်းဝယ်နိုင်ရန် ပြပွဲများကို စီစဉ်ကျင်းပပေးနေခြင်းဖြစ်သည်။ ဝယ်ယူသူအနေဖြင့် မိမိဝယ်ယူလိုသော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အတွဲများကို အသေးစိတ်ကြည့်ရှုစစ်ဆေးရွေးချယ်ပြီး ကျေနပ်မှုရှိမှသာ စိတ်ကြိုက်ဝယ်ယူနိုင်သကဲ့သို့ ရောင်းချသူကလည်း မိမိမျှော်မှန်းသည့် ဈေးထက် ပိုမိုရရှိကာရောင်းချနိုင်ခဲ့သည်ကို တွေ့ရသည်။ သို့ဖြစ်ရာ ကျင်းပပြီးစီးသွားပြီ ဖြစ်သည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကြီးသည်ကား ဝယ်ယူသူနှင့် ရောင်းချသူတို့ အပြုံးပန်းတူညီစွာ ပွင့်လန်းဝေဆာခဲ့သော ပွဲကြီးတစ်ပွဲပင် ဖြစ်ပေတော့သည်။ ။

✤ ကျောဖုံးမှ

တရုတ်သိပ္ပံပညာရှင်များသည် လူလိုက်ပါနိုင်သော ရေငုပ်သင်္ဘောငယ်ကို ဟာဝိုင်ယီကျွန်း အရှေ့တောင်ပိုင်းနှင့် မြောက်အမေရိကတိုက်အကြား ပစိဖိတ်သမုဒ္ဒရာအတွင်း ပင်လယ်ရေမျက်နှာပြင်အောက် မီတာ ၃၅၀၀ အနက်အထိ ငုပ်လျှိုးသည့် သုတေသနလေ့လာချက်တစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိသည်။

ပင်လယ်ရေအောက် အနက်ပိုင်းအထိ ငုပ်လျှိုးနိုင်သော ရေငုပ်သင်္ဘောနည်းပညာ ပိုင်ဆိုင်သည့် ကမ္ဘာ့နိုင်ငံများအနက် ပဉ္စမမြောက်နိုင်ငံအဖြစ် တရုတ်နိုင်ငံ ရပ်တည်လာနိုင်ပြီဖြစ်သည်။

အမေရိကန်၊ ပြင်သစ်၊ ရုရှားနှင့် ဂျပန်နိုင်ငံတို့သည် ပင်လယ်ရေအောက် စူးစမ်းလေ့လာရေး ရေငုပ်သင်္ဘောနည်းပညာကိုပိုင်ဆိုင်ကြသည်။

တရုတ်သိပ္ပံပညာရှင်များက ပင်လယ်ရေအောက် စူးစမ်းလေ့လာရေးလုပ်ငန်း၌ အသုံးပြုလျက်ရှိသော ရေငုပ်သင်္ဘောငယ်မှာ အလျား ၈ ဒသမ ၂ မီတာ၊ အလေးချိန် ၂၂ တန်ခန့်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အောက် မီတာ ၇၀၀၀ အနက်အထိ ငုပ်လျှိုးနိုင်ရန် ဒီဇိုင်းပုံစံထုတ် တည်ဆောက်ထားသည်။ ငုပ်လျှိုးနိုင်သော စွမ်းပကား မြင့်မားခြင်းကြောင့် ပင်လယ်ကြမ်းပြင်၏ ၉၉ ဒသမ ၈ ရာခိုင်နှုန်းအထိကို စူးစမ်းလေ့လာနိုင်ရန် ရည်ရွယ်သည်။

အဆိုပါစူးစမ်းလေ့လာရေး ရေငုပ်သင်္ဘောငယ်ကို ကျာလောင်းဟု အမည်ပေးထားပြီး တရုတ်ရိုးရာပုံပြင်အရ ပင်လယ်နဂါးဟု အဓိပ္ပာယ်ရရှိသည်။

အဆိုပါ ရေငုပ်သင်္ဘောငယ်သည် လွန်ခဲ့သည့်နှစ် မေ ၃၁ ရက်မှ ဇူလိုင် ၁၃ ရက်အထိ တောင်တရုတ်ပင်လယ်တွင် ၁၇ ကြိမ် ငုပ်လျှိုးခဲ့သည်။ ရေငုပ်သင်္ဘောငယ်နှင့်အတူ လူသုံးဦးလိုက်ပါနိုင်သည်။ **အင်တာနက်။**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၇-၂၀၁၁ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဓမ္မစကြာတရားတော်" (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၅)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၇)**
- ၈း၅၅ ဘဒ္ဒန္တဉာဏစက္ကမထေရ်မြတ်၏ သက်တော်(၈၈)နှစ်ပြည့် မွေးနေ့ပူဇော်ပွဲ
- ၉း၀၅ ဖူးကြတူပျော် တာဝတိံသာတက် ပွဲတော်
- ၉း၂၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
- ၉း၄၀ Movie Talk (ဒါရိုက်တာ ကြည်စိုးထွန်း၊ ဒေါ်သင်းသင်းလှဲ)(အပိုင်း-၂)
- ၁၀း၀၀ Sports Diary
- ၁၀း၃၅ ဖက်ရှင်လမ်းညွှန်
- ၁၁း၀၅ ကုသိုလ်ရနံ့တို့သင်းပျံ့လိုင်. . . Golden Lamps အမွှေးတိုင်
- ၁၁း၃၀ ရဲယိုနှင့်ကျန်းမာရေး
- ၁၁း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၅ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ
- ၁၂း၄၀ ထူးမြတ်အလှူကုသိုလ်ယူ
- ၁း၀၀ "ဓမ္မစကြာတရားတော်" (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၅)**
- ၄း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၇)**
- ၅း၂၀ ဆံသားကျန်းမာရေးကိုသဘာဝ ကျကျထိန်းသိမ်းတတ်စေဖို့
- ၅း၃၀ Shinsung Co.,Ltd နှင့် Yangtzekiang Co.,Ltd တို့ ပူးပေါင်းကျင်းပသည့် ပျော်ရွှင်ပွဲ အမှတ်တရ
- ၅း၄၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၆)**
- ၇း၁၀ The Champion of Dance
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ မဟာသံ့သုဓရုပ်ရှင်တော်မြတ်ကြီး၏ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ
- ၈း၄၀ VJ Choice
- ၉း၀၅ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၈)**
- ၁၀း၂၅ ဂီတသရုပ်ပြခန်း
- ၁၀း၄၅ အဝိဇ္ဇာအမှောင်ခွင်း ဉာဏ်အလင်းထွန်းပေါ် မြတ်ဓမ္မတရားဂုဏ်တော်
- ၁၁း၀၅ သူတို့ပြောတဲ့သူတို့အကြောင်း
- ၁၁း၃၀ မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင်
- ၁၁း၅၀ World of Knowledge
- ၁၂း၃၅ မှိုအသားမျှင်တစ်သျှူးမျိုးပွားနည်း
- ၁၂း၅၅ စွဲမက်ဖွယ်ရာရတနာ
- ၁း၁၅ မျက်ရည်စက်များကင်းစေချင်
- ၁း၅၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
- ၂း၁၀ Royal Reward Resort နှင့် သူ၏ဆုလာဘ်သခင်
- ၂း၃၀ Shooting Location
- ၂း၅၅ အလှဆင်စရာပရိဘောဂကမ္ဘာ
- ၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၅ သဘာဝအလှများစုဝေးရာ ပူတာအိုမြို့
- ၄း၁၀ ဒို့တိုင်းဌာနီဧရာဝတီ
- ၄း၃၅ ပတ္တမြားမြေမှကြည်ညိုသပွါယ် ဖွယ်ရာတန်ခိုးကြီးစေတီများ
- ၄း၄၅ မြစ်သားမြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး
- ၅း၀၀ အစီအစဉ်ပြီး။

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ ညှိနှိုင်းစည်းဝေး ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၄

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပခဲ့သည့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၄နာရီတွင် နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်အနီး မဏိရတနာ ကျောက်စိမ်းခန်းမအတွင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြပွဲဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ ပြပွဲဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က အထူးရောင်းချပွဲဆိုင်ရာ လုပ်ငန်းများအပေါ် သုံးသပ်ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူးက ၂၀၁၁ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲဆိုင်ရာ လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးတင်ပြပြီး ပြပွဲဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများဆောင်ရွက်ခဲ့မှုများနှင့် နောင်ကျင်းပမည့် ကျောက်မျက်ပြပွဲများအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြပွဲဗဟိုကော်မတီနာယက ပြည်ထောင်စုဝန်ကြီးက အထူးရောင်းချပွဲဆိုင်ရာ လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များအပေါ် ထပ်ဆင့်ဆွေးနွေးမှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

INTERNATIONAL OPEN CHESS TOURNAMENT ပြိုင်ပွဲ ဆုပေးအပ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော INTERNATIONAL OPEN CHESS TOURNAMENT ပြိုင်ပွဲ၏ Round (9) ပြိုင်ပွဲအပြီး ဆုပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel ၌ကျင်းပသည်။

အခမ်းအနားတွင် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ MR. KIRSAN ILYUMZHNOV က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာကြသူများအား ဂုဏ်ပြုလက်ဆောင်များနှင့် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌအား အမှတ်တရဂုဏ်ပြုလက်ဆောင်တို့ကို ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်က CHALLENGER Section စစ်တုရင်ပြိုင်ပွဲတွင် သတ္တမ၊ ဆဋ္ဌမ၊ ပဉ္စမနှင့် စတုတ္ထဆုရရှိသူများအား ဆုများကို ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက CHALLENGER Section စစ်တုရင်ပြိုင်ပွဲတွင် တတိယဆုရ တင်ထွန်းဇော်၊ ဒုတိယဆုရ ကျော်ကျော်ဦးနှင့် ပထမဆုရ ချစ်ကိုကိုတို့အား ဆုများကိုပေးအပ်သည်။

INTERNATIONAL OPEN CHESS TOURNAMENT ပြိုင်ပွဲတွင် ပထမ OLIVER BARBOSA (ဖိလစ်ပိုင်)၊ ဒုတိယ LI HAN BING (တရုတ်)၊ တတိယ NGUYEN VAN HUY (ဗီယက်နမ်)၊ စတုတ္ထ ATANU LAHIRI (အိန္ဒိယ)၊ ပဉ္စမ RICHARD BITOON (ဖိလစ်ပိုင်)၊ ဆဋ္ဌမ မျိုးနိုင် (မြန်မာ)၊ သတ္တမ DINESH KUMAR SHARMA (အိန္ဒိယ)၊ အဋ္ဌမ မောင်မောင်လတ် (မြန်မာ)၊ နဝမ MARI JOSEPH TURQUEZA (ဖိလစ်ပိုင်)နှင့် ဒသမ ဇော်ဝင်းလေး (မြန်မာ)တို့ ရရှိကြသည်။ ယင်းပြိုင်ပွဲတွင် အကောင်းဆုံး မြန်မာအားကစားသမားဆုရရှိကြသူများမှာ ပထမ ဝင်းဇော်ထွန်း၊ ဒုတိယ မြင့်ဟန်နှင့် တတိယ ဇေယျာတို့ဖြစ်ကြပြီး ဆုများကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

ပြိုင်ပွဲတွင် အတိုးတက်ဆုံးလူငယ်အားကစားသမားဆုကို သုတဦး (အထက-၁၊ ဒဂုံ)က ဆွတ်ခူးရရှိသွားသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်ကျင်းပသည့် INTERNATIONAL OPEN CHESS TOURNAMENT ပြိုင်ပွဲ စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတကာစစ်တုရင်ပြိုင်ပွဲ သုံးနာရီများ ဝယ်ယူရန်အတွက် ဦးသန်းညွန့်(နောင်ရိုးစစ်တုရင်ကလပ်)က ငွေကျပ် ၁၂သိန်း ငါးသောင်း၊ ဦးပြည့်ဝထွန်းက ငွေကျပ် ရှစ်သိန်းနှင့် မြန်မာ့လက်ရွေးစင် စစ်တုရင် အားကစားသမားဟောင်း ဦးဝင်းထွန်းက ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌက လက်ခံခဲ့သည်။

(သတင်းစဉ်)

အိုလံပစ်နေ့အထိမ်းအမှတ် မန္တလေးမောင်/မယ် ပြိုင်ပွဲကျင်းပ

မန္တလေး ဇူလိုင် ၁၄

၂၀၁၁ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မန္တလေးမောင်၊ မန္တလေးမယ်ပြိုင်ပွဲကို ဇွန် ၂၈ ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ ပြိုင်ပွဲဝင်ကာယဗလမောင် ၁၄ ဦးနှင့် ကာယအလှမယ် ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး မန္တလေးကာယဗလမောင်ဆုကို ချစ်ဌေး(မိုးကုတ်)၊ ခွန်တင်မောင်မောင်(ဗထူး)က ဒုတိယ၊ မင်းသိမ်းအောင် (ဗထူး)က တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူများအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ တိုင်းဒေသကြီး ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဟန်မြိုင်နှင့် တာဝန်ရှိသူတို့က တံခွန်စိုက် ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

မန္တလေး ကာယအလှမယ်ဆုကို နည်းပညာတက္ကသိုလ်မှ မမိုးပွင့်ဖြူ၊ နိုင်ငံခြားဘာသာတက္ကသိုလ်မှ မသန့်သဇင်က ဒုတိယ၊ မဇင်နွေခိုင် (မန္တလေးမြို့တော်စည်ပင်)က တတိယနှင့် နှစ်သိမ့်ဆုရရှိသူတို့အား တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ဝင် သီဟသုဓမ္မသိင်္ဂီ ဒေါ်မေသက်မော်၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မိုးမြင့်နှင့် တာဝန်ရှိသူတို့က တံခွန်စိုက်ငွေသားဆုများ ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

(၄၆၉)

မကွေးမြို့နယ်၌ မိုးရာသီ ဘောလုံးပြိုင်ပွဲဖွင့်

မကွေး ဇူလိုင် ၁၄

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အုပ်ချုပ်ရေးမှူးဖလား မိုးရာသီ ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၈ ရက် ညနေပိုင်းတွင် မကွေးခရိုင် အားကစားကွင်း၌ ကျင်းပရာ မြို့နယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲနေ့ ပွဲစဉ်အဖြစ် အောင်မင်္ဂလာရပ်ကွက်အသင်းနှင့် မြို့ဟောင်းရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ **(ဝဲပုံ)** အဆိုပါ ပြိုင်ပွဲသို့ အသင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇူလိုင် ၈ ရက်မှ ဩဂုတ် ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

(အား/ကာ)

ဂျပန်နှင့် အမေရိကန်တို့ နိုင်ပွဲရပြီး နောက်ဆုံးဗိုလ်လုပွဲတက်

ဘာလင် ဇူလိုင် ၁၄

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၁ ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယမန်နေ့က ကျင်းပခဲ့ရာ ဂျပန်နှင့် အမေရိကန်တို့ နိုင်ပွဲအသီးသီးရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားကြပြီဖြစ်သည်။

ဂျပန် ၃-၁ ဆွီဒင်

ဂျပန်အသင်းသည် အုပ်စု(B)မှ ဒုတိယဖြင့် တက်လာခဲ့ပြီး ဆွီဒင်မှာ အုပ်စု(C)မှ ပထမဖြင့် တက်လာနိုင်ခဲ့ခြင်းဖြစ်သည်။ ဤနှစ်သင်းတွင် ဆွီဒင်က အနည်းငယ် ခြေစွမ်းသာမည်ဟု ထင်မှတ်ထားခြင်း ခံခဲ့ရသော်လည်း တကယ်လက်တွေ့ ပွဲကစားချိန်တွင် ဂျပန်က ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့ပြီး ဆွီဒင်ဂိုးပေါက်ကို (၁၄)ကြိမ်အထိ ခြိမ်းခြောက်နိုင်ခဲ့သည်။ ဆွီဒင်က ပထမပိုင်း ပွဲစပြီး ၁၀ မိနစ်မှာပင် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ၁၉ မိနစ်တွင် ကာဝါဆူမီက ဂျပန်အတွက် ချေပဂိုး၊ မိနစ် ၆၀ တွင် ဆာဝါက ဒုတိယဂိုးနှင့် ၆၄ မိနစ်တွင် ကာဝါဆူမီက တတိယဂိုးတို့ကို သွင်းပေးခဲ့၍ ပွဲအပြီးတွင် ဂျပန်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်နိုင်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ် ၁-၃ အမေရိကန်

ပြင်သစ်နှင့် အမေရိကန်တို့၏ပွဲတွင်မူ အမေရိကန်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲတက်နိုင်ခဲ့သည်။ ဤပွဲတွင် အမေရိကန်အတွက် ဂိုးများကို ပထမပိုင်း ၉ မိနစ်တွင် လော်ရင်ချီနေး၊ ၇၉ မိနစ်တွင် ဝမ်ဘတ်ချ်နှင့် ၈၂ မိနစ်တွင် အဲလစ်မော်ဂမ်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ ပြင်သစ်အတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၅၅ မိနစ်တွင် ဆိုနီယာ ဘွန်ပစ္စတာက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဂျပန်အတွက် နှစ်ဂိုးသွင်းပေးခဲ့သည့် တိုက်စစ်မှူး ကာဝါဆူမီ။

၂၀၁၁ ကမ္ဘာ့ဖလားအမျိုးသမီး ဘောလုံးပြိုင်ပွဲ၏ တတိယနေရာလုပွဲအဖြစ် ဇူလိုင် ၁၆ ရက် (စနေနေ့) ည ၁၀ နာရီတွင် ပြင်သစ်နှင့် ဆွီဒင်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲကို ဇူလိုင် ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁ နာရီ ၁၅ မိနစ်တွင် အမေရိကန်နှင့် ဂျပန်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ESPN

ဟန်သစ်

ကိုပါအမေရိက ဖလားပြိုင်ပွဲ ဘရာဇီး ကွာတားဖိုင်နယ်တက်

ဘရာဇီးအတွက် ခြေစွမ်းပြပြီး နှစ်ဂိုးသွင်းပေးခဲ့သည့် နေမာ။

ဗျူနိုအေးရိစ် ဇူလိုင် ၁၄

လက်တင်အမေရိက အသင်းများ ယှဉ်ပြိုင်သည့် ကိုပါအမေရိကဖလား အုပ်စုပွဲစဉ်များမှာ ယမန်နေ့က ပြီးဆုံးခဲ့ပြီးဖြစ်သည်။ အုပ်စု (B)၏ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဘရာဇီးက အီကွေဒေါကို လေးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရကာ အုပ်စုဗိုလ်ဖြင့် ကွာတားဖိုင်နယ်သို့ တက်သွားပြီဖြစ်သည်။

ယှဉ်ပြိုင်ကစား

ကိုပါအမေရိကဖလား ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဇူလိုင် ၁၆ ရက်တွင် ကိုလံဘီယာနှင့် ပီရူး၊ အာဂျင်တီနားနှင့် ဥရုဂွေးတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဇူလိုင် ၁၇ ရက်တွင် ဘရာဇီးနှင့် ပါရာဂွေး၊ ချီလီနှင့် ဗင်နီဇွဲလားတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ESPN

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ရောင်းသူနှင့် ဝယ်သူ ပြုံးပန်းတူညီစွာ ပွင့်လန်းဝေဆာခဲ့သည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲကြီး

သတင်းဆောင်းပါး - ရန်ကြီးအောင် ➤ ဓာတ်ပုံ - ရန်ကြီးအောင်၊ ထိန်နန်နော်

၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကြီးကား ဇူလိုင် ၁၃ ရက် ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပေပြီ။ ကျင်းပပြီးလျှင်ပြီးချင်းမှာပင် ဝသန်မိုးက သဲသဲဖြိုင်ဖြိုင် ရွာသွန်းလိုက်သည်။ အထူးရောင်းချပွဲကြီး အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ခဲ့ခြင်းကို နတ်ဒေဝတာများက ဝမ်းမြောက်ဝမ်းသာ ကောင်းချီးထောမနာပြုလိုက်သည့်ပမာ အောင်ရေအောင်မိုး ရွာသွန်းဖြိုးခြင်းပင်တည်း။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့က ကိုယ့်ဝန်ကိုယ့်တာကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့်အတွက် ယခင်ပြပွဲများကထက် ကာလပိုမိုရှည်လျားစွာကျင်းပခဲ့သည့် အထူးရောင်းချပွဲကြီးသည် အစစအရာရာ ဟာကွက်မရှိ ပြီးပြည့်စုံစွာ အောင်မြင်မှုရရှိခဲ့ပေပြီ။ ကာလပိုမိုရှည်လျားသကဲ့သို့ ပြသရောင်းချပေးခဲ့သည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအရေအတွက်ကလည်း ပိုမိုများပြားခဲ့သည်။ အရေအတွက် ပိုမိုများပြားလာသကဲ့သို့ ရောင်းချရမှုသည်လည်း ပိုမိုများပြားလာခဲ့ပြီး ရောင်းချရသည့်ဈေးနှုန်းမှာ ယခင်ကထက် ပိုမိုမြင့်မားစွာရရှိခဲ့ကြောင်း ရွှင်လန်းအားရဖွယ် သတင်းစကားကြားသိရသည်။

မဏိရတနာကျောက်စိမ်းခန်းမကြီး၌ ဇူလိုင် ၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် အဆိုပါ အထူးရောင်းချပွဲကြီးတွင် ပုလဲအတွဲပေါင်း ၃၅၅ တွဲ၊ ကျောက်မျက်ရတနာအတွဲပေါင်း ၂၈၄ တွဲနှင့် ကျောက်စိမ်းအတွဲပေါင်း ၂၂၃၁၇ တွဲကို ပြသရောင်းချပေးခဲ့သည်။ ယင်းအရေအတွက်များမှာ ယခင်ကျင်းပခဲ့သည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကထက် ပိုမိုတင်ပြရောင်းချပေးနိုင်ခြင်းပင် ဖြစ်သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့**❄

အ ဏ္ဏ ဝါ သိ ပ္ပံ အင် တာ နက် သ တင်း

ပစိဖိတ်သမုဒ္ဒရာအတွင်း စမ်းသပ်လေ့လာရန် ရေအောက်စူးစမ်းလေ့လာရေး ရေငုပ်သင်္ဘောငယ်ကို မိခင်သင်္ဘောပေါ်မှ ရေမျက်နှာပြင်ပေါ်သို့ ချနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရေအောက်စူးစမ်းလေ့လာရေးနည်းပညာ တရုတ်သိပ္ပံပညာရှင်များ စမ်းသပ်လေ့လာ

ဘာသာပြန်-ရောမောင်

ပေကျင်း ဇူလိုင် ၁၄

တရုတ် အဏ္ဏဝါသိပ္ပံပညာရှင်များသည် ပင်လယ်ရေအောက်စူးစမ်းလေ့လာရေး ရေငုပ်သင်္ဘောနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပစိဖိတ်သမုဒ္ဒရာအတွင်း စမ်းသပ်လေ့လာမှုများ ပြုလုပ်လျက်ရှိကြောင်း ယနေ့အင်တာနက်သတင်းတွင်ဖော်ပြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့**✤

ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူနေကြသော ရတနာကုန်သည်များကို တွေ့ရစဉ်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက်လက် ပိုနေမည်